မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၆] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်–

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

၁။ ဗိုလ်မှူး ဇော်မျိုးနိုင် ကာကွယ်ရေးဝန်ကြီးဌာန

၂။ ဒေါ်စန်းမော်အေး ကာကွယ်ရေးဝန်ကြီးဌာန

၃။ ဒေါ်စနေမ ကာကွယ်ရေးဝန်ကြီးဌာန

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

၁။ ဗိုလ်မှူး အောင်နိုင်မိုးလှိုင် ကာကွယ်ရေးဝန်ကြီးဌာန

၂။ ဗိုလ်မှူး ရဲဇော်ထွန်း ကာကွယ်ရေးဝန်ကြီးဌာန

၃။ ဗိုလ်မှူး ရှားလူ ကာကွယ်ရေးဝန်ကြီးဌာန

၄။ ဗိုလ်ကြီး မင်းကြည်ဟိန်း ကာကွယ်ရေးဝန်ကြီးဌာန

၅။ ဗိုလ် သက်ပိုင်မြင့် ကာကွယ်ရေးဝန်ကြီးဌာန

၆။ ဗိုလ် ပြည့်စုံအောင် ကာကွယ်ရေးဝန်ကြီးဌာန

၇။ တတ–၁၂၆၉၁၉ ဒုတိယတပ်ကြပ် သူရိန်အောင် ကာကွယ်ရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်
## ရဲဗလတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | မောင်အောင်ဖြိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | မောင်ပိုင်သက်ကျော်(ခ) မောင်မျိုးဇင်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | မောင်ကောင်းမင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးရဲလင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဦးကျော်ဇင်ဝင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကျော်ရဲထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးမောင်ဆွေဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးနေထက်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးတင်မိုးဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးစောဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးဆန်းလင်း | | မကွေးတိုင်းဒေသကြီး |
| ၁၃။ | ဦးသူရိန်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၁၄။ | ဦးဟိန်းစည်သူ | | မကွေးတိုင်းဒေသကြီး |
| ၁၅။ | ဦးစံတင်ဝင်း | | မကွေးတိုင်းဒေသကြီး |
| ၁၆။ | ဦးကျော်ဇေဦး | | မကွေးတိုင်းဒေသကြီး |
| ၁၇။ | ဦးရန်နိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၁၈။ | ဦးမျိုးမင်းသူ | | မကွေးတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၀။ | ဦးထက်ဝေဦး | | မကွေးတိုင်းဒေသကြီး |
| ၂၁။ | ဦးကျော်လင်းဦး | | မကွေးတိုင်းဒေသကြီး |
| ၂၂။ | ဦးဌေးလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၃။ | ဦးမြင့်ခိုင် | | မကွေးတိုင်းဒေသကြီး |
| ၂၄။ | ဦးမင်းနိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးသန့်ဇင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလှိုင်မင်းဆွေ | | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးဟိန်းသန့်ကို | | မကွေးတိုင်းဒေသကြီး |
| ၂၈။ | ဦးဇော်မျိုးအောင် | | မကွေးတိုင်းဒေသကြီး |
| ၂၉။ | ဦးသိန်းဇော်ဦး | | မကွေးတိုင်းဒေသကြီး |
| ၃၀။ | ဦးဇော်မျိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၃၁။ | ဦးအေးဇော် | | မကွေးတိုင်းဒေသကြီး |
| ၃၂။ | ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၁၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်-

(၁) **ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**

| | | |
|---|---|---|
| ကြည်း ၂၇၂၃၈ | **အစား** | ကြည်း ၃၂၈၃၅ |
| ဗိုလ်မှူးကြီး မင်းသူကျော် | | ဗိုလ်မှူးကြီး စိုးမိုးဝင်း |

(၂) **ရှေ့ဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**

| | | |
|---|---|---|
| ကြည်း ၃၀၁၀၇ | **အစား** | ကြည်း ၃၀၃၃၉ |
| ဗိုလ်မှူးကြီး ခန့်မွန်ဆွေ | | ဗိုလ်မှူးကြီး စိုးမင်းဦး |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

**ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့) တွင် လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပခြင်း၊ စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်းနှင့် ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်းတို့ကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းနှင့် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းတို့၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **နာယကအဖွဲ့**

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

( ခ ) **ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၂၃) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(၂၄) ကွပ်ကဲရေးမှူး အဖွဲ့ဝင်
အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၂၅) အတွင်းရေးမှူး အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၂၆) ဦးသန့်ဆွေ အဖွဲ့ဝင်
မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့

(၂၇) ဦးထွန်းကြည် အဖွဲ့ဝင်
ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့

(၂၈) ဒုတိယဝန်ကြီး (သာသနာရေး) အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၉) ကောင်စီဝင် (၃) တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် အမြဲတမ်းအဆောက်အဦများတည်ဆောက်ဆဲကာလတွင် ယာယီနေရာချထားနိုင်ရေး Modular House ၄,၅၉၉ လုံး ဝယ်ယူခြင်းအတွက် Taw Win Di Par Co., Ltd မှ ပေးဆောင်ရမည့် ဝင်ငွေခွန် ကျပ် ၆၅၂.၄၇၆ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁,၆၃၁.၁၉၀ သန်း စုစုပေါင်း ကျပ် ၂,၂၈၃.၆၆၆ သန်း အား ကင်းလွတ်ခွင့်ပြုကြောင်း ထုတ်ပြန်လိုက်သည်။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

**ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (ခ) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) ဦးချစ်ဆွေ | ရှောဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| ( ခ ) | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( ဂ ) | ဒေါ်မီမီကျော်ထွန်း | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဃ) | ဦးချစ်ဝေ | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ( င ) | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( စ ) | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ကျော်လင်း(ခ)<br>ဦးထိန်လင်း | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်ထားထားနေ | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ( ဈ ) | ဦးအောင်ကျော်မင်း | ဧရာဝတီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ည) | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( ဋ ) | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ( ဌ ) | ခွန်ဝင်းဦး | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ) ဗိုလ်မှူးချုပ် ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) ဗိုလ်မှူးကြီး ဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြု၊ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ တို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်-

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့်ကိစ္စများ၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များ၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် ကိစ္စများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ စာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာကို စိစစ်ရမည်။

( င ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကိုစစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

၆။ ကော်မတီက စိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

( ခ ) လွှတ်တော်၏ ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

( ဂ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ ဥက္ကဋ္ဌကတာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

၇။ ကော်မတီဝင်များသည်-

(က) ဥက္ကဋ္ဌကတာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

( ခ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၈။ ကော်မတီနှင့်ပြည်သူ့လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၉။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

၁၀။ တာဝန်များအရ ကော်မတီကစိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

( ခ ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၁။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်း မရှိစေရ။

**ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း**

၁၂။ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကိုရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌကသတ်မှတ်သည့် ၄ ရက်ထက်မစောသော ၁၀ ရက်ထက်နောက်မကျသော နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆို တင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

( င ) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းရမည်။

၁၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်းပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များ ကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

## လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ဂ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (ဂ) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးဂျဲန်ဖန်နော်တောင် | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာ ကျော်ထွန်း | ရှမ်းပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ( ဂ ) | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဃ) | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (စ) | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်မင်းနိုင် | ချင်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ဌေး | မကွေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဋ) | ဒေါ်မြမြသက် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဌ) | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်ချုပ် ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီး စိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၅။ ကော်မတီအစည်းအဝေးများကျင်းပရာတွင် ဥပဒေအကြံညာဏ်များရယူရန်လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

**ကော်မတီ၏တာဝန်များ**

၆။ ကော်မတီသည် မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေးဆောင်ရွက်ရမည်-

(က) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသော အချက်များကိုအခြေပြု၍ လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(ခ) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဂ) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

၇။ အပိုဒ် ၆ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင်ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

၈။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်တောင်းခံလျှင် ယင်းနုတ်ထွက်ခွင့်တောင်းခံလွှာကိုစိစစ်၍ မှတ်ချက်များနှင့်တကွ ဥက္ကဋ္ဌထံတင်ပြခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများနှင့် အခြားမှတ်တမ်းများကို လွှတ်တော်ရုံးမှ ပြုစုထားရှိရေးနှင့်စပ်လျဉ်း၍ အကြံပေးခြင်း၊

(ဃ) လွှတ်တော်၏ သိက္ခာကို စောင့်ထိန်းရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရန်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ပျက်ကွက်ကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌထံတင်ပြခြင်း၊

(င) ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃ အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌထံတင်ပြခြင်း၊

(စ) ကော်မတီသည် လွှတ်တော်၏ နေ့စဉ်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ မေးမြန်းဆွေးနွေးမည့် ကိုယ်စားလှယ်များနှင့်ချိတ်ဆက်၍ နေ့စဉ်အစည်းအဝေးအစီအစဉ်များကို လျာထားသတ်မှတ်ဆောင်ရွက်ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၉။ ကော်မတီ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်-

(က) ကော်မတီသည် လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန် ဆင့်ဆိုနိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကို ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

( ခ ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့် ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ် တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထား သင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

၁၀။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ဃ) ကော်မတီတွင် တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခွင့်ရှိသည်။

၁၁။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်း မရှိစေရ။

**ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း**

၁၂။ ကော်မတီ၏အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီ၏အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့တင်ပြရမည်။

(ခ) ကော်မတီသို့လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာ စည်းဝေး၍ လွှတ်တော်ကသတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာတင်ပြမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် လွှတ်တော်က မိမိထံ လွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမည်။

၁၃။ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုကို ဆောလျင်စွာတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန် အဆိုတင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

၁၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၅။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များ ကိုလည်း ခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ဃ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (ဃ) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါ်ခင်ရွှေမြင့်(ခ)<br>ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ( ဂ ) | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ( င ) | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ( စ ) | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဆ) | ဦးဖြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဋ) | ဦးဇော်မင်းထူး | ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဌ) | စောမြတ်ထွဋ်ဝင်း(ခ) ကိုဆွိ | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ် အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊

ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့် အခြေအနေထိ ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိ။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၆။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၇။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

၈။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၉။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်း မရှိစေရ။

## ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း

၁၀။ ကော်မတီ၏အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီ၏အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) ကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌကသတ်မှတ်သောနေ့တွင် အစီရင်ခံစာကိုဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကိုပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များမပြုလုပ်ရ။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

( င ) ကော်မတီသည် လွှတ်တော်ကသတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာကို အစီရင်ခံစာတင်ပြသည့် နည်းလမ်းအတိုင်းတင်ပြရမည်။

၁၁။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်းပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၁၂။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များ ကိုလည်း ခံစားခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၀၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးမြတ်ဘုန်းမြင့် တ/ ၄၀၄၆ | မိုင်းကိုင် ရှမ်းပြည်နယ် |
| ၂။ | ဦးကျော်ဆုသိမ်း တ/ ၄၀၅၈ | မောက်မယ် ရှမ်းပြည်နယ် |
| ၃။ | ဦးဟိန်းမင်းမင်း တ/ ၄၀၆၃ | လဲချား ရှမ်းပြည်နယ် |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးကောင်းခန့်လွင် (တ/ ၃၉၄၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၅/၂၀၂၆ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၆) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၈ (က) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၆) ကို ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမြင့်သိန်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းအောင်ကျော် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်မြင့်လွင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၆) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၇) ဦးတို့၏ ဥပဒေအရပျက်ကွက်မှုများကို သီးခြား တစ်မှုစီ စုံစမ်းစစ်ဆေး၍ ကော်မရှင်သို့အစီရင်ခံရမည်–

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲကိုယ်စားလှယ် | မဲဆန္ဒနယ် |
|---|---|---|---|
| (က) | ဒေါ်နှင်းနှင်းအိ | ကိုယ်တိုင် | ကရင်ပြည်နယ်<br>ကြာအင်းဆိပ်ကြီးမြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် |
| (ခ) | ဒေါ်နန်းတင်မော် | ကိုယ်တိုင် | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) |

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲကိုယ်စားလှယ် | မဲဆန္ဒနယ် |
|---|---|---|---|
| ( ဂ ) | ဒေါက်တာ မြတ်နုခိုင် | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး<br>ပဲခူးမြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် |
| (ဃ) | ဦးဝင်းလွင် | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး<br>သနပ်ပင်မြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် |
| ( င ) | ဦးစန်းလွင်ဦး | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) |
| ( စ ) | ဦးသန်းဦး | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) |
| (ဆ) | ဦးအောင်ကျော်ခန့် | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) |
| ( ဇ ) | ဦးထွန်းထွန်းအေး | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီးလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) |
| ( ဈ ) | ဦးထိန်လင်း | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီးလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) |
| (ည) | ဦးညီညီအောင် | ကိုယ်တိုင် | ပဲခူးတိုင်းဒေသကြီးလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) |
| ( ဋ ) | ဦးနန်းဝင်းအောင် | ကိုယ်တိုင် | ပြည်ထောင်စုနယ်မြေ<br>ဥတ္တရသီရိမြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် |

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲကိုယ်စားလှယ် | မဲဆန္ဒနယ် |
|---|---|---|---|
| (ဋ) | ဦးဇော်မိုးအောင် | ကိုယ်တိုင် | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) |
| (ဌ) | ဦးသက်ထွန်းအောင် | ကိုယ်တိုင် | မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ် |
| (ဎ) | ဦးနေမျိုးထိုက် | ကိုယ်တိုင် | မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ချမ်းမြသာစည်မြို့နယ်မဲဆန္ဒနယ် |
| (ဏ) | ဒေါ်အေးအေးခိုင် | ကိုယ်တိုင် | မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ရမည်းသင်းမြို့နယ်မဲဆန္ဒနယ် |
| (တ) | ဦးဖုန်းထက်ကျော် | ကိုယ်တိုင် | မန္တလေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) |
| (ထ) | ဒေါ်နန်းစွမ်းမောက် | ကိုယ်တိုင် | မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် |

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်)

### မန္တလေးငလျင်ကြီး (၁) နှစ်ပြည့် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၂၀၂၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီး (၁) နှစ်ပြည့် အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အောက်ပါလုပ်ငန်းကော်မတီ (၁၀) ရပ်ကို ဖွဲ့စည်းလိုက်သည်-

(က) **ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) ဌာနကြီးမှူး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၃) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၅) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၆) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၇) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၈) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၉) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဘာသာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ဘာသာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့တက်ရောက်မည့် ပုဂ္ဂိုလ်များနှင့် အင်အားစာရင်းကို ဖိတ်ကြားရေးလုပ်ငန်းကော်မတီထံမှရယူ၍ အတည်ပြုချက်ရယူပြီး လိုအပ်ပါက လုပ်ငန်းကော်မတီများထံဖြန့်ဝေရန်၊

(၂) အခမ်းအနားနေရာချထားရေးလုပ်ငန်းကော်မတီနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီတို့မှ တင်ပြလာသည့် နေရာခင်းကျင်းမှု (Seating Plan) များကို အတည်ပြုချက်ရယူပေးသွားရန်၊

(၃) အခမ်းအနားအစီအစဉ်များ၊ အစည်းအဝေးမှတ်တမ်းများ အတည်ပြုဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်၊

(၄) မူလသတ်မှတ်ထားသော လုပ်ငန်းအကြောင်းအရာများမှ အပြောင်းအလဲများပေါ်ပေါက်လာပါက သက်ဆိုင်သောကော်မတီအသီးသီးသို့ အချိန်မီ အသိပေးနိုင်ရေးဆောင်ရွက်ရန်၊

(၅) ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ၊ သတ်မှတ်ချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြဆောင်ရွက်ပေးရန်၊

(၆) လုပ်ငန်းကော်မတီများ၏လုပ်ငန်းဆောင်ရွက်ချက်များအချိန်မီပြီးစီးနိုင်ရေးကြီးကြပ်ကွပ်ကဲရန်နှင့် လိုအပ်သလို ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူကျင်းပရန်။

(ဂ) **ဖိတ်ကြားရေးလုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့အင်အားဦးစီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(ဃ) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့ ဖိတ်ကြားမည့်ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အမည်စာရင်းပြုစုရန်နှင့် ဖိတ်ကြားရန်၊

(၂) နိုင်ငံခြားသံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားမည့်သူများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဖိတ်ကြားရန်၊

(၃) ဖိတ်ကြားစာများပြုလုပ်ရာတွင် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို အတည်ပြုချက်ရယူရန်၊ ရိုက်နှိပ်ရန်နှင့် အချိန်မီဖိတ်ကြားရန် (သတ်မှတ်ဝတ်စုံထည့်သွင်းရန်)၊

(၄) ဖိတ်ကြားစာနှင့်အတူ လုံခြုံရေးအမှတ်အသားပါသော လည်ဆွဲကတ်ပြားများ၊ ယာဉ်ဝင်ခွင့်ကတ်များ အချိန်မီထုတ်ပေးနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(င) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန

( စ ) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များသွားလာမှုအဆင်ပြေစေရေးအတွက် အစုအဖွဲ့အလိုက် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်များ စီစဉ်ထားရှိရန်၊

(၂) လေယာဉ်ဖြင့်လာရောက်မည့် ပုဂ္ဂိုလ်များအတွက် နေပြည်တော်လေဆိပ်မှ ကြိုဆိုပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရန်၊

(၃) လုပ်ငန်းကော်မတီအသီးသီးအတွက် အုပ်ချုပ်မှုအထောက်အကူပြုမော်တော်ယာဉ်များ စီစဉ် ထားရှိရန်၊

(၄) သုံးစွဲကုန်ကျမည့် စက်သုံးဆီများနှင့်ပတ်သက်၍ မူဝါဒရယူဆောင်ရွက်ရန်။

(ဆ) **အခမ်းအနားများ ပြင်ဆင်ရေးနှင့် ကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၅) အင်ဂျင်နီယာချုပ် အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လမ်းဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျေးလက်လမ်းဦးစီးဌာန

(၉) ဌာနကြီးမှူး အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၀) ညွှန်ကြားရေးမှူး (MICC-1) တွဲဖက်အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( ဇ ) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားကျင်းပမည့်နေရာနှင့် ညှိုခံမည့်နေရာအတွက် Seating Plan ရေးဆွဲရန်၊

(၂) အခမ်းအနားကျင်းပမည့်နေရာ၊ နားနေခန်းများ၊ ညှိုခံခန်းမများတွင် Seating Plan အတိုင်း ထိုင်ခုံများခင်းကျင်းပြီး Name Plate များ ကပ်ထားရန်၊

(၃) မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနိုင်ရေးအတွက် ထိုင်ခုံနေရာချထားမှုပုံစံ ရေးဆွဲအတည်ပြုရန်နှင့် မြန်ဆန်စွာခင်းကျင်းနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊

(၄) သက်ဆိုင်သည့်အခန်းများတွင် လိုအပ်သည့်အသံစနစ်၊ Wifi ရရှိရေး တပ်ဆင်ဆောင်ရွက်ပေးရန်၊

(၅) လိုအပ်သည့်နေရာများတွင် LED Board များတပ်ဆင်ပြီး ပြသနိုင်ရေးဆောင်ရွက်ရန်၊

(၆) လျှပ်စစ်မီးမပြတ်တောက်စေရေးနှင့် အရန်မီးစက်များထားရှိရန်၊

(၇) Recording မှတ်တမ်းခွေရရှိရေး ဆောင်ရွက်ထားရန်။

( ဈ ) **ခန်းမတွင်း နေရာချထားရေးလုပ်ငန်းကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
ပညာရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(ည) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့တက်ရောက်လာသည့် ပုဂ္ဂိုလ်များအား Seating Plan အတိုင်း ကြိုဆိုနေရာချထားရေး ဆောင်ရွက်ရန်၊

(၂) အခမ်းအနားကျင်းပမည့်ခန်းမနှင့် ကျွေးမွေးဧည့်ခံမည့်ခန်းမများအတွင်း ထိုင်ခုံနေရာပြလမ်းညွှန်ဆိုင်းဘုတ်များ ထားရှိသွားရန်၊

(၃) အခမ်းအနားသို့တက်ရောက်သည့်ပုဂ္ဂိုလ်များ၏ တက်ရောက်မှုမှတ်တမ်း (Attendance Registration) ရယူပြီး သက်ဆိုင်သည့် လုပ်ငန်းကော်မတီများသို့ ပေးပို့ရန်၊

(၄) ခန်းမအပြင်ကြိုဆိုရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

( ဋ ) **ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၉) ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဝန်ကြီးဌာန (FDA) | တွဲဖက်အတွင်းရေးမှူး |

( ဌ ) **လုပ်ငန်းတာဝန်များ**

(၁) ကျွေးမွေးမည့်အစားအသောက် (Menu) များ၊ အင်အားစာရင်းနှင့် ကုန်ကျစရိတ်များ တွက်ချက်တင်ပြအတည်ပြုချက်ရယူရန်၊

(၂) နေ့လယ်စာကျွေးမွေးနိုင်ရေးအတွက် Seating Plan အတိုင်း ဧည့်ခံနိုင်ရေးဆောင်ရွက်ရန်၊

(၃) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များ၏ အထောက်အကူပြုအဖွဲ့များအတွက် နေ့လယ်စာ (Lunch) ကို သတ်မှတ်နေရာများတွင် စားသုံးနိုင်ရေးစီမံဆောင်ရွက်ပေးရန်၊

(၄) အရေးကြီးပုဂ္ဂိုလ်များကို ဧည့်ခံမည့်အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ အချိန်မီဧည့်ခံနိုင်ရေး သက်ဆိုင်ရာဟိုတယ်နှင့်ချိတ်ဆက်၍ ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန်၊

(၅) အစားအသောက်များကို Food Test ပြုလုပ်ရေး ကျန်းမာရေးဝန်ကြီးဌာန၊ (FDA)နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(ဎ) **လုံခြုံရေးလုပ်ငန်းကော်မတီ**

(၁) ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) တပ်ဖွဲ့မှူး သတင်းရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) ကွပ်ကဲရေးမှူး အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ — အဖွဲ့ဝင်

(၄) ကိုယ်စားလှယ် တစ်ဦး တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး — အဖွဲ့ဝင်

(၅) ကိုယ်စားလှယ် တစ်ဦး နေပြည်တော်တိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်

(၆) တပ်ဖွဲ့မှူး ယာဉ်ထိန်းရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၇) တပ်ဖွဲ့မှူး စည်ပင်သာယာရဲတပ်ဖွဲ့(နေပြည်တော်) — အဖွဲ့ဝင်

(၈) ဒုတိယရဲချုပ် (၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၉) နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

(ဃ) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားကျင်းပမည့်နေရာနှင့် တည်းခိုသည့်နေရာများ လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေးနှင့် လမ်းကြောင်းလုံခြုံရေးဆောင်ရွက်ပေးရန်၊

(၂) ရှေ့ပြေးမော်တော်ယာဉ်/ ဆိုင်ကယ်များ စီစဉ်ဆောင်ရွက်ရန်၊

(၃) အခမ်းအနားတက်ရောက်မည့် ကိုယ်စားလှယ်၊ အထောက်အကူပြုအဖွဲ့များနှင့် မီဒီယာများအတွက် လုံခြုံရေးလည်ဆွဲကတ်များနှင့် ယာဉ်ဝင်ခွင့်ကတ်များအား အုပ်စုအလိုက် ဒီဇိုင်းအရောင် ခွဲခြား ပြုလုပ်ရန်၊

(၄) လုံခြုံရေးကတ်ပြားများပြုလုပ်မည့် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို ပူးပေါင်း ညှိနှိုင်းရေးလုပ်ငန်းကော်မတီထံမှ အတည်ပြုချက်ရယူဆောင်ရွက်ရန်။

(ဏ) **ကျန်းမာရေးလုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(၅) ဆေးရုံအုပ်ကြီး အဖွဲ့ဝင်
ခုတင်(၁၀၀၀)ဆေးရုံကြီး၊ နေပြည်တော်

(၆) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုသရေးဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(တ) **လုပ်ငန်းတာဝန်များ**

(၁) MICC-1 နှင့် တည်းခိုမည့်နေရာများတွင် Medical Cover အဖွဲ့များ၊ Ambulance ယာဉ်များ တွဲဖက်ထားရှိရန်၊

(၂) ကျန်းမာရေးကိစ္စပေါ်ပေါက်လာပါက ကုသပေးနိုင်ရေး အခမ်းအနားအစမှ ပြီးစီးသည်အထိ အချိန်ပြည့်ဆေးခန်းဖွင့်လှစ်ဆောင်ရွက်ရန်နှင့် အရေးပေါ်အတွက် ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) အစားအသောက်များကို Food Test ပြုလုပ်ပေးရန်၊

(၄) လိုအပ်ပါက MICC-1 အတွင်း/အပြင် ပိုးမွှားနှိမ်နင်းရေးအတွက် ဆေးဖျန်းရန်၊

(၅) လိုအပ်ပါက ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် လိုအပ်မည့်ပစ္စည်းများအား ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန်။

(ထ) **သတင်းပြန်ကြားရေး၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | တွဲဖက်အတွင်းရေးမှူး |

( ဒ ) **လုပ်ငန်းတာဝန်များ**

(၁) သတင်းရယူမည့် မီဒီယာများအား ဖိတ်ကြားခြင်း၊ မှတ်ပုံတင်ခြင်းပြုလုပ်ရန်၊

(၂) သတင်းမီဒီယာများအနေဖြင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးကြီးကြပ်ရန်၊

(၃) မန္တလေးလျှောင်ကြီးလှုပ်ခတ်မှု (၁) နှစ်ပြည့်အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယို Clip ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၄) အခမ်းအနားမှတ်တမ်းစာအုပ် ပြုစုထုတ်ဝေရန်၊

(၅) မှတ်တမ်းဓာတ်ပုံနှင့် မှတ်တမ်း Movie များအား LED Board ဖြင့် ပြသနိုင်ရေး စီမံဆောင်ရွက်ရန်၊

(၆) အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၇) အခမ်းအနားမှူးများ ရွေးချယ်တာဝန်ပေးအပ်ရန်။

( ဓ ) **ဘဏ္ဍာရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အဖွဲ့ဝင်

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေတိုက်ဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန — အတွင်းရေးမှူး

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

( န ) **လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီး၏ ခန့်မှန်းကုန်ကျစရိတ်များ ကြိုတင်တောင်းခံပြီး ကျင်းပရေးဦးစီးကော်မတီသို့တင်ပြရန်နှင့် ဦးစီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကြိုတင်ငွေများထုတ်ပေးနိုင်ရေးဆောင်ရွက်ရန်၊

(၂) ကော်မတီအလိုက်တင်ပြလာသော အမှန်တကယ်ကုန်ကျသည့် အသုံးစရိတ်များအား စိစစ်ချက်များနှင့်အတူ ဦးစီးကော်မတီထံတင်ပြရန်၊

(၃) ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေးနှင့် သုံးစွဲပြီးသည့်ငွေစာရင်းရှင်းတမ်းများအား သတ်မှတ်ကာလအတွင်း ရှင်းလင်းတင်ပြနိုင်ရေး အတွက် လုပ်ငန်းကော်မတီအသီးသီးနှင့် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ရန်။

ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်
ဥက္ကဋ္ဌ
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံစာရင်းကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

### အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လိုက်နာကျင့်သုံးရန် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ထုတ်ပြန်ခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အများပြည်သူသို့ တာဝန်ခံရမှုမရှိသည့် အကျိုးအမြတ်ကိုအဓိကထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများသည် ပြင်ပအသုံးပြုသူများအတွက် အထွေထွေရည်ရွယ်ချက်ဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုထုတ်ပြန်ပါက နိုင်ငံတကာစာရင်းစံအဖွဲ့ (International Accounting Standards Board – IASB) က ထုတ်ပြန်သည့် International Financial Reporting Standards for Small and Medium–Sized Entities (IFRS for SMEs Accounting Standard) ကို ကျင့်သုံးရမည်ဖြစ်ပြီး နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards– IFRS) နှင့်အညီ လိုက်နာကျင့်သုံးလိုပါက လိုက်နာကျင့်သုံးနိုင်သည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လိုက်နာကျင့်သုံးနိုင်သည့် အထက် အပိုဒ် ၁ ဖော်ပြပါ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်စပ်လျဉ်း၍ နိုင်ငံတကာစာရင်းစံအဖွဲ့ (International Accounting Standards Board – IASB) က အခါအားလျော်စွာ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ထုတ်ပြန်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ရေးဆွဲသော ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းများနှင့် အကျုံးဝင်သက်ရောက်စေရမည်။ ယင်းကဲ့သို့ လိုက်နာဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ထက် ဆောလျင်စွာကျင့်သုံးနိုင်သည်။

၄။ ဤအမိန့်ကြော်ငြာစာနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေနှင့် အကောင်အထည်ဖော်ရန် လိုအပ်သောပညာရပ်ဆိုင်ရာ အကူအညီများပေးနိုင်ရေးအတွက် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၀ (က)(၅) အရ ဖွဲ့စည်းထားသော စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီနှင့် ပုဒ်မ ၂၀ (က)(၆) အရ ဖွဲ့စည်းထားသော စာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီသည် စာရင်းဆိုင်ရာစံများကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၅။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်ပြီး မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၉ ဖြင့် ထုတ်ပြန်ခဲ့သည့် Myanmar Financial Reporting Standards for Small and Medium–Sized Entities (SMEs) ကို ဤအမိန့်ကြော်ငြာစာ အကျုံးဝင်သက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစာရင်းကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၅ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၇**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးဝင်းမင်းသိန်း<br>၁၂/တမန(နိုင်)၁၀၄၀၈၈၊<br>အခန်း(၁၁)၊ ရောချမ်းသာကွန်ဒို၊<br>ရောဝဏ်လမ်း၊ (၆၁)ရပ်ကွက်၊<br>ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | ညွှန်ကြားရေးမှူး၊<br>ကာကွယ်ရေးဌာနခွဲ၊<br>အကောက်ခွန်ဦးစီးဌာန။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးခင်မောင်ထွန်း၊<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>ဌာနဆိုင်ရာကိုယ်စားလှယ်၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် |

အမှုမှာ ၂၀-၁၁-၂၀၂၄ ရက်နေ့ (၁၄:၀၀) နာရီအချိန်ခန့်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံဂါယာလေဆိပ်သို့ လေယာဉ်ခရီးစဉ်အမှတ် UB-7001, CR-10629 ဖြင့် ထွက်ခွာမည့် မြန်မာနိုင်ငံသားခရီးသည် ဦးဝင်းမင်းသိန်း (PP# MI 913905) အပါအဝင် ခရီးသည် (၅) ဦးတို့ကို Centralized ရှိ X-Ray တွင် ဖြတ်သန်းစစ်ဆေးစဉ် ပုံရိပ်မသင်္ကာသဖြင့် အကောက်ခွန်စစ်ဆေးရေးကောင်တာ Arrival Exit-A ၌ ပိုင်ရှင်၏ရှေ့မှောက်တွင် အဖွဲ့စုံဖြင့် စစ်ဆေးခဲ့ရာ တရားဝင်တင်ပို့ခွင့် အထောက်အထားစာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ရွှေလက်ကောက် (၁၀) ကွင်း (၅၂.၈၂၄) ကျပ်သား အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုး

စုစုပေါင်းအလေးချိန် (၁၁၃.၀၀၃) ကျပ်သား စုစုပေါင်းတန်ဖိုးကျပ် ၆၀၇,၆၀၈,၄၅၃.၅၁ အား စစ်ဆေးတွေ့ရှိသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကာကွယ်ရေးဌာနခွဲ၊ အကောက်ခွန် ဦးစီးဌာနက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းကြောင်း ချမှတ်ခဲ့သည့်အမိန့်အပေါ် ကျေနပ်မှုမရှိ၍ အခွန်အယူခံခုံအဖွဲ့သို့ အယူခံ တင်သွင်းလာသည့် အကောက်ခွန်အယူခံမှု ဖြစ်သည်။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက လျှောက်ထားသူသည် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့နယ် (ဆိပ်ကမ်း) မြို့နယ်၊ ၆၁ ရပ်ကွက်၊ ရောဝတီလမ်းရှိ ရောချမ်းသာကွန်ဒို၊ အခန်းအမှတ် 11(A)12-24၊ တွင် ဇနီးဖြစ်သူ ဒေါ်ဆုပိုင်ရည်ထွန်း နှင့်အတူနေထိုင်ပြီး မြတ်ဆုမွန် ဗုဒ္ဓဂယာဘုရားဖူးဝန်ဆောင်မှုလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ် T/O(YGN)-0868 (ရက်စွဲ၊ ၁၆-၁၂-၂၀၂၂) ဖြင့် လုပ်ကိုင်နေသူဖြစ်ပါကြောင်း၊ မြတ်ဆုမွန်ဗုဒ္ဓဂယာဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း မလုပ်ဆောင်မီက ပြည်ပသင်္ဘောသားအလုပ်၊ ယုဇနပလာဇာ၌ အမျိုးသားအဝတ်အထည်များရောင်းချသည့်လုပ်ငန်း၊ အခါအားလျော်စွာ မော်တော်ကား ဝယ်ရောင်းလုပ်ငန်း၊ မြေကွက် ဝယ်ရောင်း လုပ်ငန်းတို့အပြင် ကြော်ငြာ တီဗွီ၊ ရုပ်ရှင်နှင့်ဇာတ်လမ်းတွဲများတွင် Line Producer အဖြစ် Freelance လုပ်ကိုင်ခြင်း၊ ကားအငှား ဝန်ဆောင်မှုလုပ်ငန်းများကိုလုပ်ကိုင်ခြင်းတို့မှ ရရှိသည့်ဝင်ငွေများဖြင့် ရွှေလက်ကောက် (၁၀) ကွင်း၊ Foot Chain (၅) ခု၊ ဆွဲကြိုး (၃) ကုံး၊ လော့ကတ် (၂) ခုနှင့် လက်စွပ် (၁) ကွင်းတို့ကို ဝယ်ယူစုဆောင်းခဲ့ပါကြောင်း လျှောက်ထားသည်။

အဆိုပါ စုဆောင်းရရှိသည့် ရွှေထည်များကို ပန်းတိမ်ဆိုင်များတွင် အပ်နှံသည့်ပြေစာ (၇)စောင်ရှိရာ ယင်းပြေစာအားလုံး၏ ရွှေအလေးချိန်စုစုပေါင်းမှာ ၁၁၁ ကျပ် ၁၃ ပဲ၊ ၂ ရွေး ဖြစ်သော်လည်း အကောက်ခွန်ဦးစီးဌာန၏ သိမ်းဆည်းမိန့်တွင် ရွှေအလေးချိန် စုစုပေါင်းမှာ ၁၁၃.၀၀၃ ကျပ်သားဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူအနေဖြင့် အဒေါ်ဖြစ်သူ ဒေါ်တင်တင် (၈၄) နှစ်၊ မိခင်ဖြစ်သူ ဒေါ်ခင်မာညို (၇၀) နှစ်၊ နမဝမ်းကွဲဖြစ်သည့် ဒေါ်ငုဝါစိုး (၄၀) နှစ်နှင့် ဒေါ်စုငယ်ထွေး (၃၂) နှစ် တို့ကို မြတ်ဗုဒ္ဓ၏ ဖွားမြင်တော်မူရာဌာနများသို့ ကုသိုလ်ပြုလိုက်ပို့ပေးရန် ရည်ရွယ်၍ ၂၀-၁၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မိသားစုသီးသန့် အနေဖြင့် အိန္ဒိယသို့ ဘုရားဖူး ထွက်ခွာရန် ရောက်ရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ လျှောက်ထားသူအပါအဝင် မိသားစု (၅) ဦးတို့ တစ်ဦးချင်း ဝတ်ဆင်ထားသောပစ္စည်းများမှာ ဦးဝင်းမင်းသိန်းက ရွှေလက်ကောက် (၂) ကွင်း၊ ရွှေလက်စွပ် (၁) ကွင်း၊ ရွှေဆွဲကြိုး (၁)ကုံး၊ လော့ကတ်သီး (၁) ခု၊ ဒေါ်တင်တင်က ရွှေ လက်ကောက် (၂) ကွင်း၊ ခြေကျင်း (၁) ခု၊ ဆွဲကြိုး (၁) ကုံး၊ လော့ကတ်သီး (၁) ခု၊ ဒေါ်ခင်မာညိုက ရွှေလက်ကောက် (၂) ကွင်း၊ ဒေါ်စုငယ်ထွေးက

ရွှေလက်ကောက် (၂) ကွင်း၊ ခြေကျင်း (၄) ခု၊ ဒေါ်ငုဝါစိုးက ရွှေလက်ကောက် (၂) ကွင်း၊ စုစုပေါင်းအလေးချိန်မှာ ၁၁၁ ကျပ်၊ ၁၃ ပဲ၊ ၂ ရွေး ဖြစ်ပါကြောင်း တင်ပြသည်။

အခင်းဖြစ်ပစ္စည်းများမှာ ရွှေထည်ပစ္စည်းများဖြစ်နေပြီး ခွင့်ပြုအလေးချိန်တန်ဖိုးထက် များနေသည့်အတွက် ပြည်ပသို့ ထုတ်ဆောင်ရန် ခွင့်ပြုချက် မပါရှိပါက ပြည်ပသို့ယူဆောင်ခွင့် မရှိကြောင်း၊ လေဆိပ်သို့ လိုက်ပို့သူတစ်ဦးဦးအား ၎င်းပစ္စည်းများကို ပေးအပ်ခဲ့ရန် အကောက်ခွန် အရာရှိက ပြောဆိုပါကြောင်း၊ စစ်ဘက်ရေးရာလုံခြုံရေးတာဝန်ကျ အရာရှိကလည်း လိုက်ပို့သူ မရှိပါက ပြည်ပသို့ ခရီးသွားမည့်သူ တစ်ဦးကျန်ရစ်ပြီး ၎င်းပစ္စည်းများကိုယူဆောင်သွားရန် ပြောဆိုပါကြောင်း၊ ထိုသို့ ပြောဆိုနေစဉ် လေကြောင်းရန် ကာကွယ်ရေးအဖွဲ့မှ ဒုရဲမှူး ဦးအောင်ကျော်အေး ဆိုသူက လျှောက်ထားသူအား လက်ထိပ်ခတ်ဖမ်းဆီးပြီး မိသားစုဝင် (၄) ဦး တို့ကိုလည်း မင်္ဂလာဒုံ မြို့မရဲစခန်း၌ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂ အရ အမှုဖွင့် တိုင်ကြားခဲ့ပါကြောင်း လျှောက်ထားသည်။

ပြည်ပခရီးစဉ်တွင် လျှောက်ထားသူ၏ဇနီး ဒေါ်ဆုပိုင်ရည်ထွန်းလည်း ပါရှိသော်လည်း ၎င်း၏ သူငယ်ချင်းက အိန္ဒိယနိုင်ငံ ဂယာရှိ သူငယ်ချင်းထံ လက်ဆောင်ပါးပစ္စည်းကို ပေးလို၍ မရမ်းကုန်း မြို့နယ် ၈ မိုင်၌ ဝင်ရောက်ယူနေသဖြင့် လေဆိပ်သို့ နောက်ကျမှ ရောက်ရှိခဲ့ပါကြောင်း တင်ပြသည်။

လျှောက်ထားသူအနေဖြင့် အခင်းဖြစ်ပစ္စည်းများကို မိသားစုဝင်တစ်ဦးချင်းတွင် ဝတ်ဆင်စေ၍ ယူဆောင်လာခဲ့ခြင်းမှာ ရောချမ်းသာကွန်ဒိုတွင် မကြာခဏဖောက်ထွင်းခိုးယူမှုများ ဖြစ်ပွားလျက် ရှိခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဖောက်ထွင်းခိုးယူမှုများနှင့် စပ်လျဉ်း၍ Facebook လူမှုကွန်ရက်တွင်တင်ပြထားချက်များကို အထောက်အထားအဖြစ် တင်ပြအပ်ပါကြောင်း လျှောက် ထားသည်။

လျှောက်ထားသူသည် မြတ်ဆုမွန်ဗုဒ္ဓဂယာ ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်းကို သမ္မာ အာဇီဝလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ရွှေများကို ခိုးထုတ်ရန် ရည်ရွယ် ခဲ့ပါက ပြည်ပသို့ အကြိမ်ကြိမ်ထွက်ခွာနေရသူဖြစ်၍ ခွင့်ပြုထားသည့် ရွှေ အလေးချိန်၊ တန်ဖိုး အတိုင်း အလီလီ ထုတ်ဆောင်သွားရန် အခွင့်အရေးရှိပါကြောင်း၊ ဘုရားဖူး ဝန်ဆောင်မှု လုပ်ကိုင် နေသူဖြစ်၍ အကုသိုလ်အလုပ်ကို မလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြသည်။

ယခုအမှုတွင် လက်ပွေ့အိတ်၊ ခရီးဆောင်သေတ္တာ စသည်တို့တွင် လျှို့ဝှက်ထည့် သွင်းယူဆောင်လာခဲ့ခြင်းမဟုတ်ဘဲ ခန္ဓာကိုယ်၌ ရိုးသားစွာပင် ဝတ်ဆင်လာခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ခြေအိတ်တို့ဖြင့် ဖုံးအုပ်ယူခဲ့သည့်အတွက် သိုဝှက်သယ်ဆောင် သည်ဟု ထွက်ဆိုချက်မှာ ယုတ္တိမတန်သည့် လီဆယ်ထွက်ဆိုချက်ဖြစ်ပါကြောင်း၊ ပြည်ပသို့ ခရီးထွက်ကြရာတွင် အမျိုးသားများ အပါအဝင် အမျိုးသမီးများပါ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်နှင့် ရှူးဖိနပ်များ ဝတ်ဆင်လေ့ရှိကြပါကြောင်း၊ လျှောက်ထားသူအနေဖြင့် မိသားစု (၅) ဦး မှလွဲ၍ အခြားသူစိမ်း

ခရီးသည်များ မပါရှိ၍ ရွှေထည်လက်ဝတ်လက်စားများကို ခွင့်ပြုချက်ရယူရန် စိတ်ကူးမပေါ်ခဲ့ပါကြောင်း၊ သူခိုး အပူက ပြင်းပြစွာ စိတ်ထဲရှိနေ၍ မိမိတို့နှင့်အတူ ဝတ်ဆင်သွားရန် အသိသာ စိတ်ထဲရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း လျှောက်ထားပါသည်။

ပြည်ပသို့ လက်ဝတ်ရတနာများ ယူဆောင်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၃၀-၉-၂၀၁၄)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ ၊ အခန်း(၁၁)၊ အပိုဒ် ၆၆ တွင် "ပြည်တွင်း၌ နေထိုင်သူသည် လုပ်ငန်းဖြင့်လည်းကောင်း၊ တာဝန်ဖြင့်လည်းကောင်း၊ အခြားကိစ္စရပ်ဖြင့်လည်းကောင်း၊ ကာလတို/ကာလရှည် ခရီးသွားလာသည့်အခါ တန်ဖိုးပမာဏအားဖြင့် ကျပ်တစ်ဆယ်သန်းထက်မပိုသော တစ်ဆင်စာဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ပြည်ပမှ ရောက်ရှိလာသည့်အခါတွင် တစ်ပါတည်းပြန်လည်ယူ ဆောင်လာမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိထားပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ ယူဆောင်နိုင်သည်" ဟု ဖော်ပြထားပါကြောင်း၊ ဖော်ပြချက်အရ ၂၀၁၄ ခုနှစ် အတွင်းက ရွှေပေါက်ဈေး ၁ ကျပ်သား ၆၈၀,၀၀၀ ကျပ် နှုန်းဖြင့် ခွင့်ပြုကျပ်သိန်း ၁၀၀ သည် ရွှေ ၁၄.၇ ကျပ်သား ရရှိပါကြောင်း၊ ယင်းရွှေ ၁၄.၇ ကျပ်သား ကို ယခုအစိုးရ သတ်မှတ်သည့်ကာလပေါက်ဈေး ကျပ်သိန်း ၆၀ နှင့်မြှောက်ပါက ကျပ် ၈၈၂ သိန်း ခန့်ရရှိပါကြောင်း၊ ထို့ကြောင့် ရွှေထည်များ ဝတ်ဆင်လာသူ(၅)ဦး အတွက် ရွှေ ၇၃.၅ ကျပ်သား၊ ကျပ်ငွေသိန်း ၄၄၁၀ ခန့်ကို ထုတ်ဆောင်ခွင့်ရှိသည်ဟု မှတ်ယူနိုင်ပါကြောင်း တင်ပြသည်။

သိမ်းဆည်းမိန့် စာပိုဒ်-၂ တွင် “တရားဝင် တင်ပို့ခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြင်ပသို့ တရားမဝင်တင်ပို့ခြင်း နှင့် ပတ်သက်၍” ဟူသော သုံးသပ်ချက်နှင့် စပ်လျဉ်း၍ လူ့ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော ရွှေထည် ပစ္စည်းများကို တရားမဝင် တင်ပို့ခြင်းဖြစ်သည်ဟု ကောက်ယူသုံးသပ်ချက်မှာ ယုတ္တိမတန်သော အချက်ဖြစ်ပါကြောင်း၊ လျှောက်ထားသူပိုင်ဆိုင်သည့်ပစ္စည်းကို ခွင့်ပြုချက် မရရှိရုံမျှဖြင့်၊ ဝတ်ဆင်၍ ပြည်ပသို့ထွက်ခွာချိန်၌ ရှာဖွေတွေ့ရှိမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁)နှစ်ကျခံရခြင်း၊ ပစ္စည်းကို သိမ်းဆည်းခံရခြင်းသည် တရားမျှတမှန်ကန်မှုမရှိဟု ယူဆပါကြောင်း၊ မင်္ဂလာဒုံ မြို့နယ်တရားရုံး၏ စီရင်ချက်အမိန့် ခတ်ပုံမိတ္တူကို တင်ပြအပ်ပါကြောင်း လျှောက်ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များခေါင်းစဉ်အောက်တွင် ပုဒ်မ-၃၅၆၌ ပြဋ္ဌာန်းထားသည်မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိ ပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်ဟု ဖြစ်ပါကြောင်း လျှောက်ထားသည်။

လေဆိပ်ပြည်ပထွက်ခွာနောက်ဆုံးစစ်ဆေးရေးဂိတ်၌ Electronic Metal Detector ဖြင့် လူ့ခန္ဓာကိုယ်အား စစ်ဆေးရာ၌ အခင်းဖြစ်ရွှေထည်များကို ရှာဖွေတွေ့ရှိချိန်တွင် အကောက်ခွန်အရာရှိနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိတို့က ပြည်ပသို့ယူဆောင်ခွင့်မရှိ၍ လိုက်ပါပို့ဆောင်သူသို့မဟုတ် ခရီးသွားမည့်သူတစ်ဦးဦးချန်ရစ်၍ ပစ္စည်းကို ယူဆောင်ခွင့်ပြုရန် ပြောဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆ အရ ပေးအပ်ထားသည့်နိုင်ငံသား၏ အခွင့်အရေးကို ကာကွယ်ခြင်းဖြစ်ပါကြောင်း တင်ပြသည်။

လျှောက်ထားသူသည်အခင်းဖြစ်ပစ္စည်းများကို အလုပ်အကိုင်မျိုးစုံလုပ်ကိုင် စုဆောင်းရရှိငွေများဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ခြင်း၊ ပစ္စည်းများအတွက် တရားဝင် ပြေစာများ တင်ပြနိုင်ခြင်း၊ သမ္မာအာဇီဝ ဖြစ်သည့် ဗုဒ္ဓဂယာဘုရားဖူး ဝန်ဆောင်မှုလုပ်ငန်းကို တရားဝင်လုပ်ကိုင်နေသူဖြစ်ခြင်း၊ ၎င်းပစ္စည်းများကို မိသားစုသီးသန့် ဝတ်ဆင်ခဲ့ခြင်းသည် ရောချမ်းသာ ကွန်ဒို၌နေ့ရောညပါ ဖောက်ထွင်း ခိုးယူခံနေရသည့်အတွက် မိမိတို့နှင့် တစ်ပါတည်း ယူဆောင်ခြင်းကလုံခြုံမှုရှိသည်ဟု ယူဆ၍ ဝတ်ဆင်ခဲ့ကြခြင်း၊ ပြည်ပသို့ မိသားစုများသာ ထွက်ခွာခြင်း ဖြစ်၍ခွင့်ပြုချက်ရယူရန် မေ့လျော့ခဲ့ခြင်း၊ မေ့လျော့ခြင်းသည် သူခိုးအပူက စိတ်ကို ကြီးစိုးနေ၍ဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတစ်ဦး၏ ရရှိခံစားနိုင်သည့် အခွင့်အရေးကို ရပိုင်ခွင့်ရှိခြင်းတို့ကြောင့် ညွှန်ကြားရေးမှူး (ကာကွယ်ရေး) ၏ ၂၅-၈-၂၀၂၅ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁-ကက(လဆ)/၂၀၂၅ (၀၅၇) အရ အခင်းဖြစ်ရွှေထည်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခဲ့သည့်အမိန့်ကို ရုံးတော်ကပယ်ဖျက်ပြီး ရွှေထည်ပစ္စည်းအားလုံး သို့မဟုတ် ခွင့်ပြုထားသည့် တန်ဖိုးအတိုင်းရွှေထည်ပစ္စည်းများကို ပိုင်ရှင်သို့ ပြန်လည် ပေးအပ်သည့် အမိန့်တစ်ရပ် ချမှတ်ပေး ပါရန်တင်ပြအပ်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူ၏ ဌာနဆိုင်ရာကိုယ်စားလှယ်က ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သောအနုပညာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများအား တင်ပို့/တင်သွင်းခွင့်ပြုချက်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၂-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာတွင် ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများကိုပြည်ပသို့ တင်ပို့သူ သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသူများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်းနှင့် အဆိုပါပစ္စည်းများ တင်ပို့/တင်သွင်းခြင်းဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန(နေပြည်တော်)တွင် သတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပို့/တင်သွင်းခွင့် မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်ရရှိသူသည် ကုန်သွယ်ရေးဦးစီးဌာန

(နေပြည်တော်)တွင် ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီမှ ခွင့်ပြုသတ်မှတ်သော တင်သွင်း/တင်ပို့မှု ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဖိုး ဖော်ပြချက်နှင့်အတူ အခြားလိုအပ်သော စာရွက်စာတမ်းအထောက်အထားများဖြင့် ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားရမည်ဖြစ်ပြီး တင်သွင်း/တင်ပို့ခွင့်ရရှိထားသော်လည်း သတ်မှတ်ထားသည့် တားမြစ်ချက်၊ စည်းကမ်းချက်များကို လိုက်နာ၍ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ရွှေဈေးကွက်စောင့်ကြည့် အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီကြောင်း ထောက်ခံချက်တို့ဖြင့် ပို့ကုန်လိုင်စင် ခွင့်ပြုချက်လျှောက်ထားရရှိပြီးမှသာ တင်ပို့ခွင့်ရှိသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်၍ တရားဝင် တင်ပို့ခွင့်အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိဘဲ မြန်မာနိုင်ငံတော် ပြင်ပသို့ တရားမဝင် တင်ပို့ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက် ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

ပြည်ပသို့လက်ဝတ်ရတနာများ ယူဆောင်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၃၀-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄၊ အခန်း (၁၁) အပိုဒ် ၆၆ တွင် "ပြည်တွင်း၌ နေထိုင်သူသည် လုပ်ငန်းဖြင့်လည်းကောင်း၊ တာဝန်ဖြင့်လည်းကောင်း၊ အခြားကိစ္စရပ်ဖြင့်လည်းကောင်း၊ ကာလတို/ကာလရှည်ခရီးသွားလာသည့်အခါ တန်ဖိုးပမာဏ အားဖြင့် ကျပ်တစ်ဆယ်သန်းထက်မပိုသည့် တစ်ဆင်စာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ပြည်ပမှ ရောက်ရှိလာသည့်အခါတွင် တစ်ပါတည်း ပြန်လည်ယူဆောင်လာမည်ဖြစ်ကြောင်း အကောက်ခွန် ဦးစီးဌာနတွင် ဝန်ခံကတိထားရှိပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ ယူဆောင်နိုင်သည်" ဟု ပြဋ္ဌာန်းထားပါကြောင်း လျှောက်ထားသည်။

ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာများ ပြည်တွင်းပြည်ပသို့ ယူဆောင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂၃ တွင် "ပြည်တွင်း၌ နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းသို့ ယူဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်" ဟု လည်းကောင်း၊ ပုဒ်မ၃၈-ကတွင် "မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်ခြင်း သို့မဟုတ် ပြည်ပသို့ယူဆောင်ခြင်းမပြုရ"ဟုလည်းကောင်း၊ ပြစ်ဒဏ် အနေဖြင့် ပုဒ်မ ၄၂ တွင်

"မည်သူမဆို ပုဒ်မ ၃၈နှင့် ပုဒ်မ၃၈-ကတို့ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် သက်သေခံပစ္စည်း များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း လျှောက်ထားသည်။

အယူခံလျှောက်ထားသူအပါအဝင် ခရီးသည်(၅)ဦးတို့ ယူဆောင်လာခဲ့သော ရွှေလက်ကောက် (၁၀)ကွင်း (၅၂.၉၂၄)ကျပ်သားအပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈)မျိုး စုစုပေါင်းအလေးချိန် (၁၁၃.၀၀၃)ကျပ်သားကို တန်ဖိုးသတ်မှတ်ခြင်းနှင့် ပတ်သက်၍ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၁၄-၂-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ၁၈၅/၀၇-ရွှေ(အကောက်ခွန် ဖမ်းဆီး)/ ၂၄-၂၅အရ ရွှေလက်ကောက်(၁၀)ကွင်းအပါအဝင် လက်ဝတ်ရတနာမျိုးစုံ(၁၈)မျိုး၏ ဈေးနှုန်းစစ်ဆေးချက်နှင့်တန်ဖိုးဖြတ်ချက် မှတ်တမ်းအရ တန်ဖိုးကျပ် ၆၀၇,၆၀၈,၄၅၃.၅၁ ဟု တန်ဖိုးသတ်မှတ်ပေးခြင်းသည် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်းနှင့် လျှောက်ထားသူတို့ ယူဆောင်လာခဲ့သော ပစ္စည်းများအနက် လော့ကတ်သီး(၂)ခုအား မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ၃၀-၁-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ကျောက်မျက်(၄)/ဇ-နပတ/(၁၄)၂၀၂၅ ဖြင့် "ချက်ကျောက်များပါ သတ္တုစပ်ဆွဲသီးစုစုပေါင်း အရေအတွက် (၂)ခု၊ အလေးချိန်(၁၁.၅၀)ဂရမ်ဖြစ်သည်ကို စိစစ်တွေ့ရှိရပြီး ချက်ကျောက်များမှာ ရတနာတန်းဝင်ကျောက်များမဟုတ်သည့်အတွက် ရတနာတန်ဖိုးသတ်မှတ်ပေးနိုင်ခြင်းမရှိပါ"ဟု ပြန်ကြားခဲ့သဖြင့် အဆိုပါလော့ကတ်သီး(၂)ခုအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှောက်ထားသူက ပန်းထိမ်ဆိုင်များတွင် အပ်နှံသည့် ပြေစာ (၇)စောင် အရ ရွှေ အလေးချိန် စုစုပေါင်းမှာ ၁၁၁ ကျပ်၊ ၁၃ ပဲ၊ ၂ ရွေး ဖြစ်ကြောင်း တင်ပြထားသော်လည်း အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ တန်ဖိုးသတ်မှတ်ပြန်ကြားချက်အတိုင်း သိမ်းဆည်းမိန့်တွင် ဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူတင်ပြသည့် ပြေစာများသည် မူလတားဆီးဖမ်းဆီးစဉ်က တင်ပြခဲ့သည့် သက်သေခံချက်များ မဟုတ်ခြင်းအပြင် မူလစတင်ဖမ်းဆီးစဉ်က ပိုင်ရှင်၏ ရှေ့မှောက်တွင် လေဆိပ်တာဝန်ကျ ပူးပေါင်းအဖွဲ့ဖြင့် အခင်းဖြစ်ပစ္စည်းများအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပစ္စည်းများအား အမှတ်(၂)သတ္တုတွင်း လုပ်ငန်းမှ တန်ဖိုးသတ်မှတ်ပေးခဲ့သည့်အတိုင်းသာ သိမ်းဆည်းမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်၍ လုပ်ထုံးလုပ်နည်း အတိုင်းသာ ဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူသည် အခင်းဖြစ်ပစ္စည်းများကို ရောချမ်းသာကွန်ဒိုတွင် မကြာခဏ ဖောက်ထွင်းခိုးယူမှုများ ဖြစ်ပွားလျက်ရှိခြင်းကြောင့် ပြည်ပသို့ဝတ်ဆင် ယူဆောင်ခြင်းဖြစ်ကြောင်း

တင်ပြထားခြင်းသည် ပြစ်ဒဏ်ပေါ့လျော့စေရန် တင်ပြခြင်းသာဖြစ်ပြီး ပိုမိုလုံခြုံမှုရှိသော ဘဏ်သို့မဟုတ် အာမခံလုပ်ငန်းတစ်ခုခုတွင် အပ်နှံထားခြင်း ကဲ့သို့သော နည်းလမ်းများအား ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့ဘဲ လေဆိပ်မှ ပြည်ပသို့ တရားမဝင်သယ်ဆောင် သွားခြင်း၊ အလေးချိန်နှင့်တန်ဖိုးကြီးမားသော ရွှေထည် ပစ္စည်းများကို ပြည်ပသို့သယ်ဆောင်ခြင်း ဖြစ်ပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်း ကော်မတီတို့၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုချက် လျှောက်ထားရရှိပြီးမှသာ တင်ပို့ခွင့်ရမည် ဖြစ်ခြင်းတို့ကြောင့် ယခုအမှုတွင် အယူခံလျှောက်ထားသူသည် ရွှေနှင့်ရွှေထည်ပစ္စည်းများကို ပြည်ပသို့ သယ်ဆောင်ခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်းနှင့်ညွှန်ကြားချက်များအား လိုက်နာရန် ပျက်ကွက်မှု ရှိနေသည်မှာ ပေါ်လွင်နေပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူသည် သင်္ဘောသားအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ လက်ရှိတွင်လည်း ပြည်ပခရီးသွားဝန်ဆောင်မှုလုပ်ငန်းအား လုပ်ကိုင်နေသူဖြစ်၍ ပြည်ပသို့ သွားရောက်မည့်သူ တစ်ဦးအနေဖြင့် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ တားမြစ်ထားချက်များကို ပိုမိုသိရှိနားလည်သူ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေခြင်းကြောင့် လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် တရားရုံး၏ ရှေ့မှောက်တွင်လည်း အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်းကြောင့်လည်းကောင်း လျှောက်ထားသူသည် သိလျက်ဖြင့် အခင်းဖြစ် ပစ္စည်းများအား ပြည်ပသို့ တရားမဝင် တင်ပို့ရန် ကြံစည်အားထုတ်ခဲ့ခြင်းမှာ အငြင်းမပွား ပေါ်ပေါက်ပါကြောင်း လျှောက်ထားသည်။

ပြည်ပသို့ လက်ဝတ်ရတနာများ ယူဆောင်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ ဖြင့် ဝတ်ဆင်နိုင်သော ပမာဏအား သတ်မှတ်ထားပြီး ဖြစ်ရာ သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်စွာ ယူဆောင်ခဲ့ခြင်း၊ သတ်မှတ်ချက်များအား လိုက်နာမှုမရှိဘဲ ပြည်ပသို့ ယူဆောင်သွားခဲ့ခြင်းတို့ကြောင့် မင်္ဂလာဒုံမြို့နယ်တရားရုံးမှ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၄၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁ နှစ် (တစ်နှစ်) ချမှတ်ခဲ့ခြင်း ဖြစ်ပြီး၊ အခင်းဖြစ် ပစ္စည်းများအား အရေးယူဆောင်ရွက်ခြင်းအား အကောက်ခွန်ဦးစီးဌာန၏ အထူး ဥပဒေဖြစ်သော ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြသည်။

"အကောက်ခွန်အရာရှိနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိတို့က ပြည်ပသို့ ယူဆောင်ခွင့်မရှိ၍ လိုက်ပါပို့ဆောင်သူ သို့မဟုတ် ခရီးသွားမည့်သူ တစ်ဦးဦး ချန်ရစ်၍ ပစ္စည်းကို ယူဆောင်ခွင့်ပြုရန် ပြောဆိုခြင်း" အတွက် ခိုင်လုံသော အထောက်အထား မရှိသကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၀ အရ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်မှ

ချမှတ်သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအား ဆန့်ကျင်ဖောက်ဖျက်ခြင်း မပြုလုပ်သင့်ဘဲ ဥပဒေနှင့်အညီသာ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း တင်ပြသည်။

သို့ဖြစ်ပါ၍ အယူခံလျှောက်ထားသူမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားမဝင် ယူဆောင်လာခဲ့သည့် ရွှေလက်ကောက် (၁၀) ကွင်း အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုးသည် ပို့ကုန်လိုင်စင် ခွင့်ပြုချက် လျှောက်ထားရရှိပြီးမှသာ တင်ပို့ခွင့်ပြုသည့် ကန့်သတ်ကုန်ပစ္စည်းဖြစ်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ အရ ပြည်ပသို့ ယူဆောင်နိုင်သော ရွှေထည် လက်ဝတ် ရတနာများအတွက် ကန့်သတ်ထားသည့် တန်ဖိုးပမာဏဖြစ်သော ကျပ်တစ်ဆယ်သန်းထက် များစွာ ကျော်လွန်သော်လည်း အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိပြုထားမှုမရှိခြင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်မှု ဖြစ်ခြင်းကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ အရ တားမြစ်ထားသည့် အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ရွှေ လက်ကောက် (၁၀) ကွင်း (၅၂.၉၂၄) ကျပ်သား အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုး စုစုပေါင်း အလေးချိန် (၁၁၃.၀၀၃) ကျပ်သား စုစုပေါင်းတန်ဖိုးကျပ် ၆၀၇,၆၀၈,၄၅၃.၅၁ ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း အရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို "ပလပ်" ပေးနိုင်ပါရန် ချေပလျှောက်ထားသည်။

လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက မိမိ၏ လျှောက်ထားသူအပါဝင် ခရီးသည် ၅ ဦးကို ဖမ်းဆီးခဲ့သူမှာ ရဲအရာရှိ ဖြစ်ပါကြောင်း၊ အကောက်ခွန် အရာရှိနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိတို့က ပြည်ပသို့ ယူဆောင်ခွင့် မရှိ၍ လိုက်ပါပို့ဆောင်သူ သို့မဟုတ် ခရီးသွားမည့်သူတစ်ဦးဦး ချန်ရစ်၍ ပစ္စည်းကို ယူဆောင်ခွင့်ပြုရန် ပြောဆိုခြင်းနှင့် စပ်လျဉ်း၍ အခင်းဖြစ်သည့် နေ့ရက်အချိန်တွင် အဆိုပါ နေရာ၌ မည်သည့် အရာရှိ တာဝန်ကျသည်ကို ဌာနဆိုင်ရာအနေဖြင့် အလွယ်ဖော်ထုတ်နိုင်ပါကြောင်း၊ ထိုသို့ဖော်ထုတ်ပြီး ယင်းအကောက်ခွန်အရာရှိက ဤသို့ ပြောကြားခဲ့ခြင်း ရှိ မရှိ စိစစ် ဖော်ထုတ် ချေပသင့်ပါကြောင်း၊ မိမိတို့ တင်ပြရခြင်းမှာ အမှုကို အမှန်အတိုင်းဖြစ်စေလို၍ ဖြစ်ပါကြောင်း၊ အမှုပေါ့စေလိုသဖြင့် မဟုတ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ခုံအဖွဲ့က မင်္ဂလာမြို့နယ်တရားရုံးက ချမှတ်ခဲ့သော အမိန့်နှင့်စပ်လျဉ်း၍ အယူခံတစ်စုံတစ်ရာလျှောက်ထားခြင်း ရှိ မရှိ မေးလျှင် မရှိပါကြောင်း လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက ဖြေကြားသည်။

အမှုနှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များ၊ ချေလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ အမှုတွဲပါ အထောက်အထားများ၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို သုံးသပ်ရမည် ဖြစ်သည်။

အမှုတွင် လျှောက်ထားသူက မိမိ၏ ကြိုးစားလုပ်ကိုင်မှုဖြင့် ပိုင်ဆိုင်ထားသော အခင်းဖြစ်ရွှေထည် လက်ဝတ်ရတနာ ပစ္စည်းအားလုံး သို့မဟုတ် ခွင့်ပြုထားသည့် တန်ဖိုးအတိုင်း ပိုင်ရှင်သို့ ပြန်လည်ပေးအပ်စေလိုမှုအတွက် အယူခံလျှောက်ထားခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားခံရသူက လျှောက်ထားသူသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေ နှင့်အညီ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရခြင်းကြောင့် တရားရုံးတော်က လျှောက်ထားသူကို အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်ပစ္စည်းများကို အရေးယူခြင်းအား အကောက်ခွန်ဦးစီးဌာန၏ အထူးဥပဒေဖြစ်သော ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခဲ့ခြင်း ဖြစ်ကြောင်း ချေပထွက်ဆိုထားသည်။

အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်း အကောက်ခွန်အက် ဥပဒေ ပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ နှင့် အခင်းဖြစ်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းအစား ပင်လယ်ရေကြောင်း အကောက်ခွန်အက် ဥပဒေ ပုဒ်မ ၁၈၃ အရ သင့်လျော်မည့် ရွေးယူဒဏ် ပေးဆောင်စေ၍ ရွေးယူခွင့် ပြုရန်သင့် မသင့် ခုံအဖွဲ့အနေဖြင့် စိစစ်ဆုံးဖြတ်ရမည် ဖြစ်သည်။

၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၃ ကို ၂၀၁၅ ခုနှစ်၊ နိုင်ငံခြား သုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၆ ဖြင့် "ပြည်တွင်းနေထိုင်သူနှင့် ပြည်ပနေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှပြည်တွင်းသို့ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ကအခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။" ဖြစ်ကြောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ထို့အတူ ယင်းပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၁ ဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈ ၏ နောက်တွင် ပုဒ်မ ၃၈-က ကို "၃၈-က။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်း မပြုရ။" ဟု ဖြည့်စွက် ပြဋ္ဌာန်းခဲ့သည်။ ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၃ ဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂ တွင် ပါရှိသော "ပုဒ်မ ၃၈ပါ တားမြစ်ချက်ကို" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၈-က တို့ပါတားမြစ်ချက်များကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးခဲ့သဖြင့် ပုဒ်မ ၄၂ ပြဋ္ဌာန်းချက်အရ "မည်သူမဆို ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၈-က တို့ပါ

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။" ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၃၀-၉-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း၊ စည်းမျဉ်း ၆၆ တွင် လက်ဝတ်ရတနာများနှင့် စပ်လျဉ်း၍ "ပြည်တွင်း၌နေထိုင်သူသည် လုပ်ငန်းဖြင့် လည်းကောင်း၊ တာဝန်ဖြင့် လည်းကောင်း၊ အခြားကိစ္စရပ်များဖြင့် လည်းကောင်း ကာလတို/ကာလရှည် ခရီးသွားလာသည့်အခါ တန်ဖိုးပမာဏအားဖြင့် ကျပ် တစ်ဆယ်သန်း ထက်မပိုသည့် တစ်ဆင်စာဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ပြည်ပမှ ရောက်ရှိလာသည့်အခါတွင် တစ်ပါတည်း ပြန်လည်ယူဆောင်လာမည်ဖြစ်ကြောင်း အကောက်ခွန် ဦးစီးဌာနတွင် ဝန်ခံကတိထားရှိပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ ယူဆောင်နိုင်သည်။" ဟုပြဋ္ဌာန်းထားရာ အဆိုပါ ပြဋ္ဌာန်းချက်သည် တည်ဆဲ ပြဋ္ဌာန်းချက် ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ-၁) တွင် "ရွှေဆိုသည်မှာ နိုင်ငံပိုင် နိုင်ငံခြားသုံးသီးသန့်ငွေရှိ ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူ ပြုလုပ်မှု၌ သတ်မှတ် အသုံးပြုသည့် စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများနှင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပရှိဘဏ်များတွင် အပ်နှံထားသည့် ရွှေများကိုဆိုသည်။" ဟု အဓိပ္ပာယ်ဖွင့်ဆို ထားချက်အရ အခင်းဖြစ်ပစ္စည်းများသည် စံချိန်မီ ရွှေတုံး၊ ရွှေချောင်းများ မဟုတ်သဖြင့် ရွှေဆိုသည့် စကားရပ်တွင် အကျုံးဝင်မှု မရှိဘဲ လက်ဝတ်ရတနာဆိုသည့် စကားရပ်တွင်သာ အကျုံးဝင်ကြောင်း သုံးသပ်ရရှိသည်။ လက်ဝတ်ရတနာနှင့် စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ နှင့် စည်းမျဉ်း တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိကြောင်း တွေ့ရှိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ထုတ်ပြန်ထားသည့် ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအား တင်ပို့/တင်သွင်းခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ၏ အပိုဒ် ၄၊ အပိုဒ်ခွဲ (ဂ) တွင် "လက်ဝတ် ရတနာ ဆိုသည်မှာ ရွှေတစ်မျိုးတည်းဖြင့် ပြုလုပ်သော လက်ဝတ်ရတနာကိုသော် လည်းကောင်း၊ ရွှေနှင့် ကျောက်မျက်ရတနာအချော့ထည်ဖြင့် ပြုလုပ်သော လက်ဝတ်ရတနာကိုသော် လည်းကောင်း ဆိုသည်။"ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

လျှောက်ထားသူက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း၊ စည်းမျဉ်း ၆၆ ကို ကိုးကား၍ ပြဋ္ဌာန်းသတ်မှတ် ထားသည့် ကျပ်တစ်ဆယ်သန်းသည် ၂၀၁၄ ခုနှစ် ရွှေပေါက်ဈေးဖြစ်သည့် တစ်ကျပ်သား ၆၈၀,၀၀၀ ကျပ်နှုန်းဖြင့် ရွှေ ၁၄.၇ ကျပ်သားရှိကြောင်း၊ ယခုအစိုးရသတ်မှတ်ရွှေဈေး

ဖြစ်သည့် တစ်ကျပ်သား သိန်း ၆၀ ဖြင့်တွက်ချက်ပါက ရွှေထည်ဝတ်ဆင်လာသူ ၅ ဦးအတွက် ရွှေ ၇၃.၅ ကျပ်သား ဝတ်ဆင်ခွင့် ရှိသည်ဟု မှတ်ယူနိုင်ကြောင်း နှိုင်းယှဉ်တွက်ချက် တင်ပြချက်သည် ဥပဒေပြဋ္ဌာန်းချက် မဟုတ်ဘဲ လျှောက်ထားသူ၏ လိုလားချက်သာ ဖြစ်ပေမည်။ စည်းမျဉ်းတွင် “တန်ဖိုးပမာဏအားဖြင့် ကျပ်တစ်ဆယ်သန်း ထက်မပိုသော”ဟု ပြဋ္ဌာန်းထားသဖြင့် ဝန်ခံကတိပြုချက်ဖြင့် အများဆုံး ဝတ်ဆင်သွားနိုင်သည့် လက်ဝတ်ရတနာ တစ်ဆင်စာ တန်ဖိုးကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းသာ ဖြစ်ကြောင်း တွေ့ရှိရသည်။

ယခုအမှုတွင် လျှောက်ထားသူပါ ၅ ဦးလုံးတွင် ရွှေလက်ကောက် ၂ ကွင်းစီ ဝတ်ဆင်ထားကြောင်းတွေ့ရှိရသည်ဖြစ်ရာ အဆိုပါ လက်ကောက်များသည် အနည်းဆုံး ၅.၀၃၀ ကျပ်သားမှ ၆.၁၅၆ ကျပ်သားရှိသည့် လက်ကောက်ကွင်းများ ဖြစ်ကြောင်း တွေ့ရှိရခြင်း၊ အမှတ် (၂) သတ္တုတွင်း လုပ်ငန်း၏ တန်ဖိုးသတ်မှတ်ပြန်ကြားချက်အရ တစ်ကွင်းတန်ဖိုးမှာ အနည်းဆုံး ကျပ် ၂၇,၃၇၀,၇၇၇ မှ ကျပ် ၃၃,၄၆၃,၀၅၆ ရှိကြောင်း တွေ့ရှိရခြင်းတို့ကြောင့် လျှောက်ထားသူပါ ၅ ဦးလုံးသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း၊ စည်းမျဉ်း ၆၆ အရ သတ်မှတ်ထားသည့် တန်ဖိုးပမာဏအားဖြင့် ကျပ်တစ်ဆယ်သန်း ထက်မပိုသည့် တစ်ဆင်စာဝတ်ဆင်ထားသော လက်ဝတ်ရတနာများ” ဆိုသည့် သတ်မှတ်ချက်ထက် ကျော်လွန်နေသည့်အပြင် သတ်မှတ်ထားသော တန်ဖိုးပမာဏရှိသည့် လက်ဝတ်ရတနာများကိုပင် ခွင့်ပြုချက် ရယူခဲ့ခြင်း မရှိသည်မှာ ထင်ရှားသည်။

လျှောက်ထားချက်တွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်းများ၊ စည်းမျဉ်း ၆၆ ပါ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ မေ့လျော့ခဲ့ခြင်းသာ ဖြစ်ကြောင်း တင်ပြချက်အရ လျှောက်ထားသူသည် အဆိုပါ ပြဋ္ဌာန်းချက်ကို ကောင်းစွာ သိရှိထားပြီးဖြစ်သည်ဟု သုံးသပ်ရရှိသည်။

လေဆိပ်ပြည်ပထွက်ခွာနောက်ဆုံးစစ်ဆေးရေးဂိတ်၌ Electronic Metal Detector ဖြင့် လူ့ခန္ဓာကိုယ်အား စစ်ဆေးရာ၌ အခင်းဖြစ်ရွှေထည်များကို ရှာဖွေတွေ့ရှိချိန်တွင် အကောက်ခွန် အရာရှိနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိတို့က ပြည်ပသို့ယူဆောင်ခွင့်မရှိ၍ လိုက်ပါပို့ဆောင်သူ သို့မဟုတ် ခရီးသွားမည့်သူတစ်ဦးဦးချန်ရစ်၍ ပစ္စည်းကို ယူဆောင်ခွင့်ပြုရန် ပြောဆိုခဲ့ကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ မင်္ဂလာဒုံတရားရုံးတွင် အမှုရင်ဆိုင်စဉ် တစ်စုံတစ်ရာ တင်ပြထားကြောင်း မတွေ့ရ။ ထိုသို့ အကောက်ခွန်အရာရှိနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိက ပြောဆိုသည့်အခါ လျှောက်ထားသူတို့ အနေဖြင့် မည်သို့ စီစဉ်ဆောင်ရွက်ရန် ကြိုးစားခဲ့ကြောင်း လျှောက်ထားသူ၏ လိုက်နာဆောင်ရွက်ချက်ကို တရားရုံးတော်တွင် လည်းကောင်း၊ ယခုလျှောက်ထားချက်တွင် လည်း ကောင်း တစ်စုံတစ်ရာ ဖော်ပြလျှောက်ထားခဲ့သည်ကို မတွေ့ရ။ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၇၆-က အရ သက်သေပြရန် တာဝန်သည် လျှောက်ထားသူထံတွင် ကျရောက်သည်။ အဆိုပါအချက်ကို လျှောက်ထားသူက မည်သူမည်ဝါက ထိုသို့ ဆိုခဲ့ကြောင်း

သက်သေတင်ပြထွက်ဆိုမှသာ လျှောက်ထားခံရသူအနေဖြင့် အဆိုပါ အချက်ကို ဟုတ် မဟုတ် စိစစ်ဖော်ထုတ် ချေပနိုင်မည် ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

လျှောက်ထားသူ၏ တင်ပြချက်အရ မင်္ဂလာဒုံမြို့နယ်တရားရုံး၏ ၂၀၂၅ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၇၆ တွင် လျှောက်ထားသူ ဦးဝင်းမင်းသိန်းအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၄၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် ကျခံစေရန် ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း ပေါ်ပေါက်သည့်အပြင် အဆိုပါ စီရင်ချက်အမိန့်အပေါ် အထက်တရားရုံးသို့ အယူခံ တက်ရောက်ခဲ့မှု မရှိကြောင်း တွေ့ရှိရသဖြင့် အဆိုပါ တရားရုံး၏ အမိန့်သည် တည်မြဲနေဆဲ ဖြစ်သည်။ တရားရုံး၏ အမိန့်အရ လျှောက်ထားသူ ဦးဝင်းမင်းသိန်းသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-က ပါ တားမြစ်ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ ၎င်းကိုယ်တိုင်ဝန်ခံခဲ့ကြောင်း သုံးသပ်ရရှိသည်။

လျှောက်ထားသူ၏ လျှောက်လဲချက်တွင် အခင်းဖြစ်စဉ်တွင် ပါဝင်သူများ ဖြစ်သည့် ဒေါ်ငုဝါစိုး နှင့် ဒေါ်စုငယ်ထွေး တို့အား နှမဝမ်းကွဲများ ဖြစ်ကြောင်း တင်ပြထားသော်လည်း အကောက်ခွန်ဦးစီးဌာန၏ မှတ်တမ်းများတွင် သူငယ်ချင်းဖြစ်ကြောင်း လက်မှတ်ရေးထိုးထားခြင်း၊ အဆိုပါ လက်ဝတ်ရတနာများအား လျှောက်ထားသူမှ ဝတ်ဆင်ခိုင်းသဖြင့် ဝတ်ဆင်ရကြောင်း ကျန်(၄)ဦးမှ ထွက်ဆိုထားခြင်း၊ လက်ဝတ်ရတနာများနှင့် စပ်လျဉ်း၍ မူလရွှေအရောင်အစား အရောင်ပြောင်းထားသည်ဟု တွေ့ရှိရခြင်း၊ ခရီးစဉ်တွင် ဇနီးဖြစ်သူ ပါဝင်ကြောင်း တင်ပြထား သော်လည်း အထောက်အထား တစ်စုံတစ်ရာ တင်ပြထားမှု မရှိခြင်းတို့ကို တွေ့ရှိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ၅-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁၅ (၃၈၅၆/၂၀၂၅) နှင့် စဘ/ ဘဏ္ဍာ-၁/၃/၁၅ (၃၈၅၇/ ၂၀၂၅) တို့ဖြင့် သဘောထားမှတ်ချက် တောင်းခံခဲ့ရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၂၇-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ မဗဘ-၁/၁၀၅ (၉၄၁/၂၀၂၅) ဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်းများ၏ စည်းမျဉ်း ၆၆ အရ အကောက်ခွန်ဦးစီးဌာနတွင် ဝန်ခံကတိထားရှိပြီး ကျပ်တစ်ဆယ်သန်းအထိ တစ်ဆင်စာဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို ယူဆောင်သွားနိုင်သော်လည်း ယခုကိစ္စရပ် တွင် ဝန်ခံကတိထားရှိခြင်းလည်း မရှိသည့်အပြင် သတ်မှတ်ပမာဏထက် ကျော်လွန် ယူဆောင်ခြင်း လည်း ဖြစ်သည်ကို တွေ့ရှိရ၍ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ နှင့်အညီ တရားစွဲဆို နိုင်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း တရားစွဲဆို ခွင့်ပြုမိန့် ထုတ်ပြန်ပေးရန် တောင်းခံ နိုင်ကြောင်း ပြန်ကြားထားသည်ကို တွေ့ရှိရသည်။

လျှောက်ထားသူပါ ၅ ဦးတွင် အခင်းဖြစ် ရွှေလက်ကောက် (၁၀) ကွင်း (၅၂.၉၂၄) ကျပ်သား အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုး စုစုပေါင်းအလေးချိန် (၁၁၃.၀၀၃) ကျပ်သား စုစုပေါင်းတန်ဖိုးကျပ် ၆၀၇,၆၀၈,၄၅၃.၅၁ အား စစ်ဆေးတွေ့ရှိရခြင်းသည် ပင်လယ်ရေကြောင်း

အကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ထားချက်များနှင့် ဆန့်ကျင်ပြီး တရားမဝင် တင်ပို့ရန် ကြံစည်အားထုတ်မှုဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ အရ တားမြစ်ထားခြင်းကို ဖောက်ဖျက် ကျူးလွန်မှုဖြစ်ကြောင်း ပေါ်ပေါက်ခြင်းကြောင့် အခင်းဖြစ် ပစ္စည်းများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်း၊ လျှောက်ထားသူက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၃ အရ အခင်းဖြစ်ပစ္စည်းများကို ရွေးယူဒဏ်ပေးဆောင်၍ ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားချက်ကို ခွင့်မပြုခဲ့ခြင်းတို့သည် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။

သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့် ချမှတ်လိုက်သည်-

**အမိန့်**

ကာကွယ်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၏ ၂၅-၈-၂၀၂၅ ရက်စွဲပါ အမိန့်စာအမှတ် ၁၁-ကက(လဆ)/ ၂၀၂၅ (၀၅၇) အရ ချမှတ်ခဲ့သည့် အမိန့်ကို အတည်ပြုလျက် ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ကျော်ကျော် | မျိုးအောင် | ဝင်းတင် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေး

စီမံကိန်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်ကျော်မျိုး အား ရှမ်းပြည်နယ်ရုံး (တောင်ကြီး) တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားပြီး တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၉/၂၀၂၆)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (လေကြောင်းသဘောတူစာချုပ်နှင့် ဥပဒေရေးရာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ကျော့ကျော့မိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (လေကြောင်းပို့ဆောင်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၂/၂၀၂၆)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စာရင်းဌာနမှ ဒုတိယစာရင်းကိုင်ချုပ်၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ခိုင်ခိုင်ဌေး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်ချုပ်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၃/၂၀၂၆)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ ရုံးချုပ်မှ ဒုတိယအထွေထွေမန်နေဂျာ (လျှပ်စစ်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးထွန်းထွန်းဦး အား စက်ခေါင်းစက်ရုံ၊ အင်းစိန်တွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ (စက်ရုံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားပြီး တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၄/၂၀၂၆)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်မှ လက်ထောက်အထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးရဲကျော်ထွေး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၃၀/၂၀၂၆)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာဓာတုဗေဒဌာန၊ သန်လျင်၊ သီလဝါမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ ခင်မြင့်စိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) နှင့် ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဦးပြည့်စုံဟိန်း၊ ဒေါ်ဖြိုးဝါဝါထွန်းနှင့် ဒေါ်ခင်မာထွေး-၂ တို့ (၃) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို ဆိုသည်။

(ခ) **အကောက်ခွန်ဦးစီးဌာန** ဆိုသည်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနကို ဆိုသည်။

(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **ဆိုင်းငံ့မိန့်** ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသောပစ္စည်းကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိလျှင်ဖြစ်စေ၊ တိကျ ခိုင်လုံသော သတင်းအချက်အလက်ရရှိလျှင်ဖြစ်စေ အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ရန် ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့်အမိန့်ကို ဆိုသည်။

(င) **လျှောက်ထားသူ** ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို မှတ်တမ်းထားရှိပေးရန်ဖြစ်စေ၊ ဆိုင်းငံ့မိန့်ထုတ်ပေးရန်ဖြစ်စေ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားသည့် အခွင့်အရေးရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခွင့်အရေးရရှိသူက သက်ဆိုင်ရာဥပဒေအရ လွှဲအပ်သည့်ကိုယ်စားလှယ်စာဖြင့် လျှောက်ထားသူလည်း ပါဝင်သည်။

( စ ) **တင်သွင်းသူ** ဆိုသည်မှာ စာပေနှင့်အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ပစ္စည်းတစ်မျိုးမျိုးအား နိုင်ငံတော်အတွင်းသို့ တင်သွင်းသူကို ဆိုသည်။

(ဆ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကို ဆိုသည်။

## အခန်း (၂)

## မှတ်တမ်းထားရှိပေးရန် လျှောက်ထားခြင်း၊ စိစစ်ပြန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း

၃။ လျှောက်ထားသူသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို မှတ်တမ်းထားရှိပေးရန် ပုံစံ (၁) ၌ ပြည့်စုံစွာဖြည့်စွက်၍ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၄။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၃ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကိုလက်ခံကြောင်း မှတ်တမ်းထားရှိခြင်းဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင်ဖြည့်သွင်း၍ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူထံ ပုံစံ (၂) ဖြင့် အကြောင်းကြားရမည်။

( ခ ) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် ပြည့်စုံစွာဖြည့်စွက်၍ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ခုနစ်ရက်အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း လျှောက်ထားသူက ပြည့်စုံစွာပြန်လည်တင်ပြပါက မှတ်တမ်းထားရှိခြင်းဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် ဖြည့်သွင်း၍ လျှောက်ထားချက်ကို လက်ခံကြောင်း ပုံစံ (၂) ဖြင့်လည်းကောင်း၊ ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိလျှင် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း ပုံစံ (၃) ဖြင့်လည်းကောင်း ယင်းလျှောက်ထားချက်အား လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၅။ မှတ်တမ်းထားရှိခြင်းသက်တမ်းသည် လျှောက်ထားချက်အား လက်ခံသည့်နေ့မှစ၍ နှစ်နှစ် ဖြစ်သည်။

၆။ လျှောက်ထားသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ တစ်ကြိမ်လျှင် နှစ်နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ (၄) တွင် ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားနိုင်သည်။

၇။ အကောက်ခွန်ဦးစီးဌာနသည် နည်းဥပဒေ ၆ အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၈။ လျှောက်ထားသူသည် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့ဆောင်ရွက်ပါက ယင်းသို့ ဆောင်ရွက်ခြင်းကို ဆောင်ရွက်ပြီးသည့်နေ့မှ ၎င်းရက်အတွင်း အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၉။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူက စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ ယင်းဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိပါက မှတ်တမ်းထားရှိခြင်းကို ပယ်ဖျက်ပြီး ယင်းသို့ပယ်ဖျက်ကြောင်းကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၃)

## ဆိုင်းငံ့မိန့်လျှောက်ထားခြင်း၊ စိစစ်ပြန်ကြားခြင်းနှင့် အာမခံထားရှိခြင်း

၁၀။ လျှောက်ထားသူသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသည်ဟု စွပ်စွဲခံထားရသောပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်အထောက်အထားများရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် ပုံစံ (၅) တွင် ပြည့်စုံစွာဖြည့်စွက်၍ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာတွင် အကောက်ခွန်ဦးစီးဌာန၌ မှတ်တမ်းထားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျှောက်ထားနိုင်သည်။

၁၁။ အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိခြင်းမရှိသော ပစ္စည်းများဖြစ်ပါက လျှောက်ထားသူသည် ပုံစံ (၅) ပါ စာရွက်စာတမ်းအထောက်အထားများအပြင် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) တရားဝင်တင်သွင်းခွင့် အထောက်အထား သို့မဟုတ် မူပိုင်ခွင့်ပိုင်ဆိုင်ကြောင်း အထောက်အထား၊

( ခ ) တင်သွင်းလာသောပစ္စည်းသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်သည့် ပစ္စည်းများဖြစ်ကြောင်း ခိုင်လုံသည့်အထောက်အထား၊

( ဂ ) အခြားလိုအပ်သောအထောက်အထားများ။

၁၂။ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားသူသည်-

(က) လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

( ခ ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် အကောက်ခွန်ဦးစီးဌာနက တောင်းဆိုလျှင် ဘာသာပြန်ဆိုပေးရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ကို မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

(ဃ) လျှောက်ထားချက်ကို ကိုယ်တိုင်ဖြစ်စေ၊ အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ၊ စာတိုက်မှပေးပို့၍ဖြစ်စေ လျှောက်ထားနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၀ အရ ဆိုင်းငံ့မိန့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကိုလက်ခံကြောင်း လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူထံ ပုံစံ (၆) ဖြင့် အကြောင်းကြားရမည်။

( ခ ) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် ပြည့်စုံစွာဖြည့်စွက်၍ အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း လျှောက်ထားသူက ပြည့်စုံစွာပြန်လည်တင်ပြပါက လျှောက်ထားချက်ကို လက်ခံကြောင်း ပုံစံ (၆) ဖြင့်လည်းကောင်း၊ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိလျှင် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း ပုံစံ (၇) ဖြင့်လည်းကောင်း ယင်းလျှောက်ထားချက်အား လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၄။ (က) လျှောက်ထားသူသည် ညွှန်ကြားရေးမှူးချုပ်က ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း ပုံစံ(၆)ဖြင့် အကြောင်းကြားသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်သည့် အာမခံကြေးကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

( ခ ) ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူက သတ်မှတ်ရက်အတွင်း အာမခံကြေးပေးသွင်းခြင်း မရှိပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

## အခန်း (၄)

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်း

၁၅။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကိုလက်ခံပြီး လျှောက်ထားသူက နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (က) အရ အာမခံကြေးပေးသွင်းပါက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ပြီး တင်သွင်းသောပစ္စည်းများဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများ တွေ့ရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပြန်၍ ဆိုင်းငံ့ထားရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သည့်ဆိုင်းငံ့မိန့်ကို လျှောက်ထားသူနှင့် တင်သွင်းသူထံ ပုံစံ (၈) ဖြင့် ချက်ချင်းအကြောင်းကြားရမည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားခြင်း မရှိသော်လည်း အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ပြီး တင်သွင်းသော ပစ္စည်းများဖြစ်သည်ဟု ယူဆနိုင်သောခိုင်လုံသည့် အထောက်အထားများအရဖြစ်စေ၊ သံသယရှိဖွယ် အထောက်အထားများတွေ့ရှိလျှင်ဖြစ်စေ အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ယာယီတားဆီး၍ ဆိုင်းငံ့မိန့်ထုတ်ပြန်ရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သည့် ဆိုင်းငံ့မိန့်ကို အခွင့်အရေးရှိသူ သို့မဟုတ် လျှောက်ထားသူနှင့် တင်သွင်းသူထံ ပုံစံ (၈) ဖြင့် ချက်ချင်းအကြောင်းကြားရမည်။

( ဂ ) ဆိုင်းငံ့မိန့်ထုတ်ပြန်ခြင်းခံရသည့် ပစ္စည်းများအတွက် သတ်မှတ်ထားသည့် အာမခံကြေးကို ဆိုင်းငံ့မိန့်အား အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း ပေးသွင်းရန် အခွင့်အရေးရှိသူ သို့မဟုတ် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ အခွင့်အရေးရှိသူ သို့မဟုတ် လျှောက်ထားသူက သတ်မှတ်ကာလအတွင်း အာမခံကြေးပေးသွင်းခြင်းမရှိလျှင် ဆိုင်းငံ့မိန့်ကိုပယ်ဖျက်၍ ကျသင့်အခွန်အခများ ပေးဆောင်စေပြီး အဆိုပါပစ္စည်းများကို အများပြည်သူသို့ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်းမပြုရန် ကန့်သတ်ချက်ဖြင့် တင်သွင်းသူအား ပြန်လည်ထုတ်ပေးရမည်။

၁၇။　တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို ကျေနပ်မှုမရှိပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းသို့ဆောင်ရွက်နေကြောင်း ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

၁၈။　ညွှန်ကြားရေးမှူးချုပ်သည် တင်သွင်းသူက နည်းဥပဒေ ၁၇ အရ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားကြောင်း အကြောင်းကြားပါက မူပိုင်ခွင့်တရားရုံး၏ အမိန့်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၉။　ညွှန်ကြားရေးမှူးချုပ်သည်-

(က)　စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများ ဖြစ်ကြောင်း သက်သေပြရန်အလို့ငှာ လျှို့ဝှက်သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေဘဲ ဆိုင်းငံ့ထားသောပစ္စည်းများကို လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူနှင့် တင်သွင်းသူတို့အား တစ်ချိန်တည်းတွင် လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

( ခ )　ဆိုင်းငံ့မိန့်ထုတ်ပြန်ထားသော ပစ္စည်းများဖြစ်ပါက ပျက်စီးလွယ်သောပစ္စည်းများဖြစ်လျှင် ဆိုင်းငံ့မိန့် ထုတ်ပြန်သည့်နေ့မှ သုံးရက်အတွင်းဖြစ်စေ၊ အခြားပစ္စည်းများဖြစ်လျှင် ဆိုင်းငံ့မိန့်ထုတ်ပြန်သည့်နေ့မှ ၁၅ ရက် အတွင်းဖြစ်စေ အမှုကိစ္စ အမှားအမှန်ဆုံးဖြတ်နိုင်ရေး စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့်ယာယီအရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာ နေကြောင်းတင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

( ဂ )　ပျက်စီးလွယ်သော ပစ္စည်းများမှအပ အခြားပစ္စည်းများအား သတ်မှတ်ကာလမကုန်ဆုံးမီ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အချိန်ကာလကို တိုးမြှင့်ပေးရန်လျှောက်ထားပါက သို့မဟုတ် အခြား သင့်လျော်သောကိစ္စရပ်များရှိပါက အချိန်ကာလကို ၁၅ ရက် ထပ်မံတိုးမြှင့်ပေးနိုင်သည်။

(ဃ)　ဆိုင်းငံ့မိန့်ထုတ်ပြန်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်နေကြောင်း သတ်မှတ်ကာလအတွင်း တင်ပြပါက အဆိုပါပစ္စည်းများအပေါ် မူပိုင်ခွင့်တရားရုံး၏ အမိန့်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

( င )　နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း တင်ပြခြင်းမရှိလျှင် ဆိုင်းငံ့မိန့်ကို ပယ်ဖျက်၍ ကျသင့်အခွန်အခများပေးဆောင်စေပြီး အဆိုပါ ပစ္စည်းများကို အများပြည်သူသို့ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရန် ကန့်သတ်ချက်ဖြင့် တင်သွင်းသူအား ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၅)

## ကုန်ကျစရိတ်ပေးဆောင်စေခြင်းနှင့် အာမခံကြေးစီမံခန့်ခွဲခြင်း

၂၀။　ဆိုင်းငံ့မိန့်ထုတ်ပြန်ထားသော ပစ္စည်းများအပေါ် မူပိုင်ခွင့်တရားရုံးက စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းမှန်ကန်ကြောင်း ဆုံးဖြတ်လျှင်-

(က)　တင်သွင်းသူသည် အဆိုပါပစ္စည်းများအား အကောက်ခွန်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကောက်ခွန်ဦးစီးဌာနသို့ အပြေအကျေ ပေးဆောင်ရမည်။

( ခ ) အကောက်ခွန်ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ တင်သွင်းသူက ကုန်ကျစရိတ်များပေးဆောင်လျှင် လျှောက်ထားသူပေးသွင်းထားသည့် အာမခံကြေးကို ပြန်လည်ထုတ်ပေးရမည်။

( ဂ ) တင်သွင်းသူက နည်းဥပဒေခွဲ (က) အရ ကုန်ကျစရိတ်များကို ပေးဆောင်ရန်ပျက်ကွက်လျှင် အကောက်ခွန်ဦးစီးဌာနသည် ယင်းကုန်ကျစရိတ်များကို သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးတွင် တရားစွဲဆိုတောင်းခံရမည်။

(ဃ) အကောက်ခွန်ဦးစီးဌာနသည် ကုန်ကျစရိတ်များနုတ်ပယ်ပြီးချိန် အာမခံကြေးကျန်ရှိပါက အဆိုပါ ကျန်ရှိသည့်အာမခံကြေးကို လျှောက်ထားသူထံထုတ်ပေးပြီး ကုန်ကျစရိတ်အဖြစ် သုံးစွဲသည့် အာမခံကြေးကို နည်းဥပဒေခွဲ (ဂ) အရ မူပိုင်ခွင့်တရားရုံးတွင် တရားစွဲဆိုတောင်းခံရရှိပြီးမှသာ လျှောက်ထားသူထံ ထုတ်ပေးရမည်။

၂၁။ ဆိုင်းငံ့မိန့်ထုတ်ပြန်ထားသော ပစ္စည်းများအပေါ် မူပိုင်ခွင့်တရားရုံးက စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းများ မဟုတ်ကြောင်း ဆုံးဖြတ်လျှင်-

(က) အဆိုပါပစ္စည်းများကို မှားယွင်းစွာ ဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို မူပိုင်ခွင့်တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။ ယင်းသို့ ပေးဆောင်ပြီးကြောင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားသူက နစ်နာကြေးပေးပြီးကြောင်း ခိုင်လုံသော အထောက်အထား တင်ပြလျှင် အကောက်ခွန်ဦးစီးဌာနသည် အာမခံကြေးကို လျှောက်ထားသူအားပြန်လည်ထုတ်ပေးရမည်။

## အခန်း (၆)

## အထွေထွေ

၂၂။ အောက်ဖော်ပြပါ တင်သွင်းလာသော ပစ္စည်းများသည် ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) ယာဉ်လွှဲပြောင်းတင်ဆောင်ရန် တင်သွင်းလာသော ပစ္စည်းများ (Transhipment Cargo)၊ အကောက်ခွန် ကြီးကြပ်မှုဧရိယာအတွင်းသို့ ပြည်ပမှ တင်သွင်းလာပြီး အကြောင်းတစ်စုံတစ်ရာကြောင့် ပြည်တွင်း စားသုံးရန် ထုတ်ယူခြင်းမပြုဘဲ ပြည်ပသို့ ပြန်လည်တင်ပို့မည့်ပစ္စည်းများ (Reshipment Cargo)၊ ပြည်တွင်းအကောက်ခွန်ဆိပ်ကမ်းတစ်ခုတွင် ချထားရန်မဟုတ်ဘဲ ပြည်ပသို့ ဆက်လက်သယ်ဆောင် သွားမည့်ပစ္စည်းများ (Retention Cargo) နှင့် နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ မြန်မာနိုင်ငံကို ဖြတ်သန်း၍ တစ်ဆင့်ကုန်သွယ်သည့်ပစ္စည်းများ (Transit Cargo)၊

( ခ ) အများပြည်သူအကျိုးအတွက် နိုင်ငံတော်မှ အခါအားလျော်စွာ တင်သွင်းခွင့်ပြုသည့်ပစ္စည်းများ။

ပုံစံ(၁)

**စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို**

**မှတ်တမ်းထားရှိပေးရန်လျှောက်ထားလွှာ**

**(နည်းဥပဒေ ၃)**

သို့

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို မှတ်တမ်းထားရှိပေးပါရန် လျှောက်ထားခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်/ကျွန်မ၏ ------------------------ ------------------------------------------------------------------------ ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းအား ---------------- ရက်နေ့တွင် ဖန်တီးခဲ့ပါသည်။ အဆိုပါ ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်း၏ မူပိုင်ခွင့်အခွင့်အရေးအတွက် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်အမှတ် ( / ) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်/ကျွန်မတို့၏ အဆိုပါ မှတ်ပုံတင်ထားသည့် အခွင့်အရေးများနှင့်သက်ဆိုင်သည့် ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းများအား တင်သွင်းမှုပြုလုပ်ပါက အကာအကွယ်ပေးနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိပေးပါရန် လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

၃။ အဆိုပါ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို မှတ်ပုံတင်ထားသည့် ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ အတုအစစ်ခွဲခြားခြင်းဆိုင်ရာ အချက်အလက်များ သို့မဟုတ် ချိုးဖောက်မှု ဖြစ်မြောက်စေနိုင်မည့် သဘောသဘာဝ၊ ပစ္စည်းအမျိုးအမည် (အကယ်၍ရှိလျှင်) အပါအဝင် သက်ဆိုင်ရာစာရွက်စာတမ်းများအား ပူးတွဲတင်ပြထားပါသည်။

လျှောက်ထားသူ

လက်မှတ် ----------------------

အမည် ----------------------

ရာထူး ----------------------

၁။ မူပိုင်ခွင့်ရရှိသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

General information of right holders-

| | |
|---|---|
| မူပိုင်ခွင့်ရရှိသူ၏အမည် (Right holders name) | - |
| မူပိုင်ခွင့်ရရှိသူ၏လိပ်စာ (Right holders address) | - |
| ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီအမည် (Company name if it is a company) | - |
| လူပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်/နိုင်ငံကူးလက်မှတ် (Identification card No./ Passport No. if it is individual) | - |
| ကုမ္ပဏီဖြစ်လျှင်ကုမ္ပဏီမှတ်ပုံတင် အမှတ်နှင့်ရက်စွဲ (Company Registration No. and Date if it is a company) | - |
| ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ လိပ်စာ (Company address if it is a company) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ် (Phone/Fax/Email) | - |

၂။ လျှောက်ထားသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

Personal data of applicants–

| | |
|---|---|
| လျှောက်ထားသူ၏အမည် (Applicant name) | – |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် (Identification card No. /Passport No.) | – |
| အလုပ်အကိုင် (Job title) | – |
| နေရပ်လိပ်စာ (Address) | – |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ် (Phone/Fax / Email) | – |

၃။ လျှောက်ထားသည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များ (Company profile of applicant)

| | |
|---|---|
| ကုမ္ပဏီအမည် (Company name) | – |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ (Registration No. and date) | – |
| အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN–Tax payer identification number) | – |
| ကုမ္ပဏီ၏ လိပ်စာ (Company Address) | – |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ် (Phone/Fax / Email) | – |

၄။ မှတ်တမ်းထားရှိလိုသည့်ပစ္စည်းဆိုင်ရာ အချက်အလက်များ (Detailed description of goods for recordation)'

| | | | |
|---|---|---|---|
| ပစ္စည်းအမျိုးအမည် | – | | |
| (Description of goods) | | | |
| H.S Code | – | | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် နံပါတ် | – | | |
| (Registration No. at Myanmar IP department) | | | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် နေ့ရက် | – | | |
| (Registration date at Myanmar IP department) | | | |
| မူပိုင်ခွင့်ရရှိသည့် ကာလ | – | မှ | ထိ |
| (Duration of the right) | | (From) | (To) |

၅။ အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းတင်ထားရှိပေးစေလိုသည့် သက်တမ်း (နှစ်နှစ်ထက်မပိုစေရ) [Application Valid period of recordation (Not more than 2 years)]

| | | | |
|---|---|---|---|
| မှတ်တမ်းထားရှိလိုသည့်သက်တမ်း | – | မှ | ထိ |
| Period of recordation | | (From) | (To) |

၆။ ပြည်တွင်းတွင် တရားဝင် တင်သွင်း/ဖြန့်ဖြူးရန် ခွင့်ပြုချက်ရရှိထားသူ (တစ်ဦးထက်ပိုပါက ပူးတွဲစာရွက်ဖြင့် တင်ပြနိုင်သည်) [Authorized distributor/importer in Myanmar (Attach documents for more distributors)]

| | |
|---|---|
| အမည် (Name) | – |
| ကုမ္ပဏီအမည် (Company name) | – |
| နေရပ်လိပ်စာ (Address) | – |
| ဖုန်းနံပါတ် (Phone No.) | – |

၇။ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ (Documents to be Attached)

| | |
|---|---|
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနမှ မှတ်ပုံတင်ခွင့်ပြုချက် မိတ္တူ [IPR registration certificate(copy)] | |
| စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော အချက်အလက်များနှင့် အထောက်အကူပြုပစ္စည်းများ (Information and supporting materials or goods of pirated copyright or related rights) | |
| ကိုယ်စားလှယ်လွှဲစာ (လျှောက်ထားသူသည် အခွင့်ရကိုယ်စားလှယ်ဖြစ်လျှင်) (Power of attorney if the applicant is an authorized representative) | |
| အခြားလိုအပ်သော စာရွက်စာတမ်းများ (Other necessary documents) | |

ပုံစံ (၂)

**မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားစာ**

**[နည်းဥပဒေ ၄ (က) နှင့် (ဂ)]**

သို့

--------------- (လျှောက်ထားသူ)

---------------

အကြောင်းအရာ။ **မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကိုလက်ခံကြောင်း အကြောင်းကြားခြင်း**

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး အတွက် ---------------------------------------------------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းကို မှတ်တမ်းထားရှိပေးပါရန် ------------------------ ရက်နေ့တွင် ------------------------------------------------------- ကုမ္ပဏီမှ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားခြင်းအပေါ်စိစစ်ပြီး အကောက်ခွန်ဦးစီးဌာန၏ မှတ်ပုံတင်နံပါတ် -------------------- ဖြင့် --------------------- ရက်နေ့မှ ------------------ ရက်နေ့အထိ မှတ်တမ်းထားရှိလိုက်သည်။

၂။ သက်တမ်းတိုးမြှင့်လိုပါက မှတ်တမ်းထားရှိခြင်း သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည်။

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/ ( )

ရက်စွဲ၊ ခုနှစ် လ ရက်

**မိတ္တူကို**

ရန်ကုန်ဆိပ်ကမ်းများအားလုံး

လေဆိပ်

လေဆိပ်ကုန်လှောင်ရုံ

OSS စစ်ဆေးရေးစခန်းအားလုံး

မြို့နယ်ရုံးအားလုံး

ရုံးလက်ခံ/ မျှောစာတွဲ

ပုံစံ (၃)

**မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ**

**[နည်းဥပဒေ ၄ (ဂ)]**

သို့

--------------- (လျှောက်ထားသူ)

---------------

အကြောင်းအရာ။ **မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး အတွက် ---------------------------------------------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းကို မှတ်တမ်းထားရှိပေးပါရန် ------------------------ ရက်နေ့တွင် ------------------------------------------------ကုမ္ပဏီမှ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားလာပါသည်။

၂။ အဆိုပါလျှောက်ထားချက်အား စိစစ်ရာတွင် သတ်မှတ်ကာလအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသဖြင့် မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/ (    )

ရက်စွဲ၊ ခုနှစ် လ ရက်

**မိတ္တူကို**

ရန်ကုန်ဆိပ်ကမ်းများအားလုံး

လေဆိပ်

လေဆိပ်ကုန်လှောင်ရုံ

OSS စစ်ဆေးရေးစခန်းအားလုံး

မြို့နယ်ရုံးအားလုံး

ရုံးလက်ခံ/ မျှောစာတွဲ

ပုံစံ(၄)

**စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို မှတ်တမ်းထားရှိခြင်းအား သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားလွှာ**

**(နည်းဥပဒေ ၆)**

သို့

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **မှတ်တမ်းထားရှိခြင်းအား သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ------------------------------------------ ကုမ္ပဏီမှ ------------------------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းကို စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနတွင် မှတ်ပုံတင်နံပါတ် ------------------------------------------ ဖြင့် ------------------------- ရက်နေ့မှ ---------------------------- ရက်နေ့အထိ မှတ်တမ်းထားရှိခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိခြင်းအား သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

လက်မှတ် ------------------------

အမည် ------------------------

ရာထူး ------------------------

ပုံစံ(၅)

**စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံထားရသော ပစ္စည်းများကို နိုင်ငံတော်ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းအား ဆိုင်းငံ့မိန့်ထုတ်ပေးပါရန် လျှောက်ထားလွှာ**

**(နည်းဥပဒေ ၉)**

သို့

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့

ရက်စွဲ၊　ခုနှစ်　လ　ရက်

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်/ကျွန်မ၏ ------------------------ ---------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းအား ---------------------- ရက်နေ့တွင် ဖန်တီးခဲ့ပါသည်။ အဆိုပါ ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်း၏ မူပိုင်ခွင့်အခွင့်အရေးအတွက် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်အမှတ် ( / ) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

၂။ အကောက်ခွန်ဦးစီးဌာနတွင် မှတ်ပုံတင်အမှတ် ( / ) ဖြင့် မှတ်တမ်းထားရှိပြီးဖြစ်ပါသည်။ (မှတ်တမ်းထားရှိပြီးဖြစ်ပါကဖြည့်စွက်ရန်)

၃။ ယခုအခါ အဆိုပါ ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းကို စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို ချိုးဖောက်ပြီး ------------------------------------- ကုမ္ပဏီမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလျက်ရှိကြောင်းနှင့် အဆိုပါ ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းနှင့် စပ်လျဉ်း၍ --------------------------------------------- ကုမ္ပဏီမှ ခန့်မှန်း ----------------- ရက်နေ့တွင် ------------------------- နိုင်ငံ၊-------------------- မြို့မှ---------------------- နိုင်ငံ၊ -------------------- မြို့သို့ -------------- ဖြင့် တင်သွင်းလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါပစ္စည်းများ တင်သွင်းလာပါက ထုတ်ယူခွင့်မပြုဘဲ ဆိုင်းငံ့မိန့်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

လက်မှတ် ------------------------

အမည် ------------------------

ရာထူး ------------------------

၁။ မူပိုင်ခွင့်ရရှိသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

General information of right holders –

| | |
|---|---|
| မူပိုင်ခွင့်ရရှိသူ၏အမည်<br>(Right holders name) | – |
| မူပိုင်ခွင့်ရရှိသူ၏လိပ်စာ<br>(Right holders address) | – |
| ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီအမည်<br>(Company name if it is a company) | – |
| လူပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံကူးလက်မှတ်<br>(Identification card No./Passport No. if it is individual) | – |
| ကုမ္ပဏီဖြစ်လျှင်ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်ရက်စွဲ<br>(Company Registration No. and Date if it is a company) | – |
| ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ လိပ်စာ<br>(Company address if it is a company) | – |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်<br>(Phone/Fax/Email) | – |

၂။ လျှောက်ထားသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

Personal data of applicants–

| | |
|---|---|
| လျှောက်ထားသူ၏အမည်<br>(Applicant name) | – |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်<br>(Identification card No. /Passport No.) | – |
| အလုပ်အကိုင်<br>(Job title) | – |
| နေရပ်လိပ်စာ<br>(Address) | – |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်<br>(Phone/Fax/Email) | – |

၃။ လျှောက်ထားသည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များ(Company profile of applicant)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | – |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ<br>(Registration No. and date) | – |
| အခွန်ထမ်းမှတ်ပုံတင်အမှတ်<br>(TIN–Tax payer identification number) | – |
| ကုမ္ပဏီ၏ လိပ်စာ<br>(Company Address) | – |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်<br>(Phone/Fax/Email) | – |

၄။ ဆိုင်းငံ့မိန့်လျှောက်ထားသည့်ပစ္စည်းဆိုင်ရာ အချက်အလက်များ (Detailed Description of suspected goods)

| | | | |
|---|---|---|---|
| ပစ္စည်းအမျိုးအမည်<br>(Description of goods) | – | | |
| H.S Code | – | | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့်နံပါတ်<br>(Registration No. at Myanmar IP department) | – | | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့်နေ့ရက်<br>(Registration date at Myanmar IP department) | – | | |
| မူပိုင်ခွင့်ရရှိသည့် ကာလ<br>(Duration of the right) | – | မှ<br>(From) | ထိ<br>(To) |

၅။ ဆိုင်းငံ့မိန့်ထုတ်ပေးစေလိုသည့် အကြောင်းအရင်း (The reason of application for suspension of release)

| |
|---|
| |

၆။ ဆိုင်းငံ့မိန့်ထုတ်ပေးစေလိုသည့် သံသယဖြစ်ဖွယ်ပစ္စည်းအား တင်သွင်းသူ(Importer of the suspected goods for suspension)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | – |
| လိပ်စာ<br>(Address) | – |
| ဖုန်းနံပါတ်<br>(Phone No.) | – |

၇။ ဆိုင်းငံ့မိန့်ထုတ်ပေးစေလိုသည့် သံသယဖြစ်ဖွယ်ပစ္စည်းအား တစ်ဖက်နိုင်ငံမှ တင်ပို့သူ (Exporter of the suspected goods for suspension)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | – |
| လိပ်စာ<br>(Address) | – |
| ဖုန်းနံပါတ်<br>(Phone No.) | – |

၈။ ပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ (Documents to be attached)

| | |
|---|---|
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနမှ မှတ်ပုံတင်ခွင့်ပြုချက် မိတ္တူ<br>[IPR registration certificate(copy)] | |
| စွပ်စွဲပစ္စည်းများအပေါ် ခိုင်လုံသော အထောက်အထားများ<br>(Prima facie evidence of infringement) | |
| စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော အချက်အလက်များနှင့် အထောက်အကူပြုပစ္စည်းများ<br>(Information and supporting materials or goods of pirated copyright or related rights) | |
| ကိုယ်စားလှယ်လွှဲစာ (လျှောက်ထားသူသည် အခွင့်ရကိုယ်စားလှယ်ဖြစ်လျှင်)<br>(Power of attorney if the applicant is an authorized representative) | |
| အခြားလိုအပ်သော စာရွက်စာတမ်းများ<br>(Other necessary documents) | |

ပုံစံ(၆)

**ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားစာ**

**(နည်းဥပဒေ ၁၃ နှင့် ၁၄)**

သို့

--------------- (လျှောက်ထားသူ)

---------------

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားခြင်း**

၁။ ----------------------------- ရက်နေ့တွင် ----------------------------------- ကုမ္ပဏီမှ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို ချိုးဖောက်ထားသည်ဟု ယူဆနိုင်သော ---------------------------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းမှ ဆိုင်းငံ့ပေးရန် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်အား စိစစ်ပြီးဖြစ်၍ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို ချိုးဖောက်ထားသည်ဟု ယူဆနိုင်သော ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းများအား နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းလာပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံလိုက်သည်။

၃။ ဤအကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း အာမခံကြေး ကျပ် ------------- --------------------- ကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

၄။ သတ်မှတ်ရက်အတွင်း အာမခံကြေးပေးသွင်းခြင်းမရှိပါက လျှောက်ထားချက်အား ပယ်ဖျက်မည် ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/ ( )
ရက်စွဲ၊ ခုနှစ် လ ရက်

ပုံစံ(၇)

## ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ

[နည်းဥပဒေ ၁၃ (ဂ)]

သို့

--------------- (လျှောက်ထားသူ)

---------------

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

၁။ -------------------------ရက်နေ့တွင် ----------------------------------------ကုမ္ပဏီမှ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို ချိုးဖောက်ထားသည်ဟု ယူဆနိုင်သော --------------------------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းမှ ဆိုင်းငံ့ပေးရန် အကောက်ခွန် ဦးစီးဌာနသို့ လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်အား စိစစ်ရာတွင် သတ်မှတ်ကာလအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် ဆိုင်းငံ့မိန့်လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/ (       )

ရက်စွဲ၊ ခုနှစ် လ ရက်

**မိတ္တူကို**

ရန်ကုန်ဆိပ်ကမ်းများအားလုံး

လေဆိပ်

လေဆိပ်ကုန်လှောင်ရုံ

OSS စစ်ဆေးရေးစခန်းအားလုံး

မြို့နယ်ရုံးအားလုံး

ရုံးလက်ခံ/ မျှောစာတွဲ

ပုံစံ(၈)

## ဆိုင်းငံ့မိန့်ထုတ်ပြန်ကြောင်း အကြောင်းကြားစာ
## (နည်းဥပဒေ ၁၅)

သို့

---------------- (လျှောက်ထားသူ/ အခွင့်အရေးရရှိသူ)
----------------

---------------- (တင်သွင်းသူ)
----------------

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍အကြောင်းကြားခြင်း**

၁။ --------------- ရက်နေ့တွင် ------------------------------ ဖြင့် ---------------------- မှ ------------------------ သို့ ရောက်ရှိလာသော ---------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို ချိုးဖောက်ထားသည်ဟု ယူဆနိုင်သော ခိုင်လုံသည့်အထောက်အထားများ တွေ့ရှိရသဖြင့် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပြန်ခဲ့ပါသည်။ ယင်းဆိုင်းငံ့မိန့်ကို ပူးတွဲပေးပို့ပါသည်။

၂။ အပိုဒ် (၁) ပါဆိုင်းငံ့ထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍-

(က) တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကိုကျေနပ်မှုမရှိပါက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကိုချိုးဖောက်၍ တင်သွင်းသောပစ္စည်းများ မဟုတ်ကြောင်း ခိုင်လုံသည့်အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။ ယင်းသို့ဆောင်ရွက်နေကြောင်း ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်းဖြစ်စေ၊ ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက သုံးရက်အတွင်းဖြစ်စေ လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူသည် အမှုကိစ္စအများအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့် တရားရုံးမှ ကုန်ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၃။ လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူက အပိုဒ် ၂ အပိုဒ်ခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း တင်ပြခြင်းမရှိလျှင် ဆိုင်းငံ့မိန့်ကို ပယ်ဖျက်၍ ကျသင့်အခွန်အခများ ပေးဆောင်စေပြီး အဆိုပါပစ္စည်းများကို အများပြည်သူသို့ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရန် ကန့်သတ်ချက်ဖြင့် တင်သွင်းသူအား ပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/ ( )
ရက်စွဲ၊ ခုနှစ် လ ရက်
မိတ္တူကို
သက်ဆိုင်ရာဆိပ်ကမ်းတာဝန်ခံ/လေဆိပ်တာဝန်ခံ/စစ်ဆေးရေးစခန်းတာဝန်ခံ/မြို့နယ်ရုံး
ရုံးလက်ခံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

အမိန့်စာအမှတ်။

ရက်စွဲ၊　ခုနှစ်　လ　ရက်

**ဆိုင်းငံ့မိန့်**

၁။　------------------------ ရက်နေ့တွင် -------------------- ဖြင့် --------------------------- မှ ------------------------- သို့ ရောက်ရှိလာသော ---------------------------------------------------- ဖန်တီးမှုလက်ရာ သို့မဟုတ် ပစ္စည်းသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို ချိုးဖောက်ထားသည်ဟု ယူဆနိုင်သော ခိုင်လုံသည့်အထောက်အထားများ တွေ့ရှိရသဖြင့် နည်းဥပဒေ ၁၆ (က) အရ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့လိုက်သည်။

၂။　အမှုဖြစ်စဉ်အကျဉ်း-

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

၃။　ဆိုင်းငံ့ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆိုင်းငံ့မိန့်ကို မကျေနပ်လျှင်ဖြစ်စေ၊ အမှုကိစ္စအမှားအမှန် ဆုံးဖြတ်နိုင်ရေး အရေးယူဆောင်ရွက်ရန်ဖြစ်စေ မူပိုင်ခွင့်တရားရုံးသို့ ဆက်လက်လျှောက်ထားဆောင်ရွက် နိုင်သည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၆-ကက (မူပိုင်ခွင့်)/　(　　)

ရက်စွဲ၊　ခုနှစ်၊　လ　ရက်

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ပြုသည့်အမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဓာတ်မြေသြဇာများ ဈေးနှုန်း သက်သာစွာ တိုက်ရိုက်ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ချုပ်ဆိုခဲ့သည့်စာချုပ်များနှင့် မြို့နယ်အဆင့် ဓာတ်မြေသြဇာဝယ်ယူ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းအဖွဲ့နှင့် တောင်သူများအကြား ချုပ်ဆိုခဲ့သည့်စာချုပ်များအပေါ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၂၄၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်၊ ကန်ပေါက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၂၁၉၉/ကန်ပေါက်အနောက်)၊ ဦးပိုင်အမှတ်(၁၂၇ᵃ/၂)၊ မြေကွက်အမှတ် (551/552)ရှိ **အသောကရာမဘုန်းတော်ကြီးကျောင်း အခွန်လွတ်သာသနာ့မြေဧရိယာ ၂.၄၇ ဧက** အနက်မှ **၀.၀၅၇ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးကျော်ဟိန်း [၅/ရဥန(နိုင်) ၀၀၀၃၁၇] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

**ကိုယ်ရေးအရာရှိခန့်ထားခြင်း**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၃၀၈,၀၀၀–၄,၀၀၀–၃၂၈,၀၀၀) ရာထူးနေရာတွင် ဦးညီညီသက် ကို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၈/မသန (နိုင်) ၀၇၀၅၆၄] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၃၀၈,၀၀၀–၄,၀၀၀–၃၂၈,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၃၂၈,၀၀၀/– ကို ခံစားခွင့်ပြုလိုက်သည်။

တင်ဝင်းအောင်

ညွှန်ကြားရေးမှူးချုပ်

### အမျိုးသားလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် ဦးမြင့်ဦး [၁၂/ သခန (နိုင်) ၀၇၇၉၈၂] အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာ၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ဦးမြင့်ဦး အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာ ၂၉၅,၀၀၀/- ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

စိုးနိုင်ထွန်း

ညွှန်ကြားရေးမှူးချုပ်

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမှတ် ၇၀/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကျော်မိုး | ကြည်း ၈၁၉၈၉ | ၁၄-၃-၂၀၂၆ |
| (၂) | သန်းထွန်း | ကြည်း ၈၁၉၉၀ | ၁၅-၃-၂၀၂၆ |
| (၃) | မြင့်ဇော် | ကြည်း ၈၁၉၉၁ | ၁၅-၃-၂၀၂၆ |
| (၄) | စိုးနိုင် | ကြည်း ၈၁၉၉၂ | ၁၅-၃-၂၀၂၆ |
| (၅) | စိုးလင်း | ကြည်း ၈၁၉၉၃ | ၁၅-၃-၂၀၂၆ |
| (၆) | အေးချို | ကြည်း ၈၁၉၉၄ | ၁၅-၃-၂၀၂၆ |
| (၇) | ထွန်းဝင်း | ကြည်း ၈၁၉၉၅ | ၁၅-၃-၂၀၂၆ |
| (၈) | မောင်မောင် | ကြည်း ၈၁၉၉၆ | ၁၅-၃-၂၀၂၆ |

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမှတ် ၇၁/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ဇော်ဝင်းနိုင် ကြည်း ၈၁၉၉၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၃၁၁။ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၁) မော်လမြိုင်မှ မန်နေဂျာ ဦးထင်ကျော် (ID-00170) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၈-၅-၂၀၂၆ ရက်နေ့မှ ၁၇-၉-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၁၈-၉-၂၀၂၆ (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်) နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

တင်မိုးသိန်း

အထွေထွေမန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြူဝန်းကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၅၅၆၊ ကြူဝန်း)၊ ဦးပိုင်အမှတ် (၁၄) ရှိ **မြေဧရိယာ ၈.၅၀ ဧက** အား **ရတနာမာရ်အောင်တောရဓမ္မရိပ်သာ** မြေနေရာအဖြစ်အသုံးပြုရန်အတွက်အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၂၈/ ဗုဒ္ဓသာသနာပြုရပ်)၊ ဦးပိုင်အမှတ် (၈၃/ က) ရှိ **မြေဧရိယာ ၂.၃၃၀ ဧက** အား **သုခိတာရုံသာသနာပြုသီလရှင်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၈/ဗုဒ္ဓသာသနာပြုရပ်)၊ ဦးပိုင်အမှတ် (၈၃/ဃ) ရှိ **မြေဧရိယာ ၀.၉၄၀ ဧက** အား

**ထေရဝါဒဗုဒ္ဓသာသနာပြုမြို့မ (ဗဟို) သာသနာပြုကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## သစ်တောဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ (သစ်တော)၂(၁)/၀၈ (က) (၅၃၃/၂၀၂၆) တို့အရ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေချစ်(မူဝါဒနှင့် စီမံကိန်း) (FD 00041) အား သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး) ၏ အလုပ်တာဝန်များကို ထမ်းဆောင်ရန် ပြောင်းရွှေ့နေရာချထားလိုက်သည်။

ဒေါက်တာ သောင်းနိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမှတ် ၄၁၁။ ၉-၃-၂၀၂၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) အစီအစဉ် (၉) ၌ သဘောတူဆုံးဖြတ်ချက်အရ မော်လမြိုင်တက္ကသိုလ်၊ မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာ စုစုနွယ် အား ၂၁-၃-၂၀၂၆ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၁-၇-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE OF FINAL MEETING

In the matter of the Myanmar Companies Law and

**MYANMAR SINGAPORE PLANTATION LIMITED**

(In Voluntary Liquidation)

[Notice under Section 211 (A) under the Insolvency Law]

Notice is hereby given that the Final General Meeting of the Contributories under Section 211 (A) will be held at Office No.50, Ministry of Agriculture, Livestock & Irrigation. Department of Agriculture, Naypyitaw, Myanmar on 15th May 2026 at 10:00 a.m. for the purpose of laying before it an account of the winding up.

U Papo Ganesan

[B.A. (English), R.L.],

Advocate (Registration No.4647)

Liquidator

+959420140625

Building No. C 1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway complex, Kamayut Township, Yangon, Myanmar

ပ၊ ထ၊ န - အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၃၀/ ၁၇-၄-၂၀၂၆။